ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ကုသိုလ်ကောင်းမှု မြန်မြန်ပြု

ကုသိုလ်ကောင်းမှုတို့ကို မြန်မြန်ပြုရာ၏၊ စိတ်ကို မကောင်းမှုမှ တားမြစ်ရာ၏၊ ကုသိုလ်ကောင်းမှုအပြု နှေးသောသူ၏စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။ (ကောင်းမှုအပြုနှေးသောသူ၏ စိတ်ထဲသို့ မကောင်းမှု ဝင်လာတတ်၏။)

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 29 August 2023 ၁၁၂၀၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ သုတေသနစာတမ်းများဖတ်ပွဲ ကျင်းပကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ(၄) စာအုပ်ထုတ်ဝေ**
စာမျက်နှာ » ၄

**အများပြည်သူ အကျိုးစီးပွားအတွက် အတ္တများကို လျှော့ပေးကြပါ**
ဆောင်းပါး စာမျက်နှာ » ၆

**သုတေသနနှင့် နည်းပညာ ပြန့်ပွားရေးအတွက် အရေးပါသော အကျိုးဆောင် တောင်သူများ တိုးပွားလာရေးကို ရည်မှန်းချက်ထား လုပ်ဆောင်**
စာမျက်နှာ » ၈

**မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေ**
စာမျက်နှာ » ၁၈

## ရေခဲတောင်တက် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ပြည်ပခရီးသွားများကို ပိုမိုဆွဲဆောင်ရန် လိုအပ်


ဖုန်ကန်ရာဇီ
ရေခဲတောင်တက်
ခရီးသွားများကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးမှုဖြင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် နိုင်ငံတော်က ဖော်ဆောင်ပေးလျက်ရှိရာ ပြည်တွင်းခရီးသွားများ အထူးနှစ်ခြိုက်သည့် မြန်မာပြည်မြောက်ဖျား ရေခဲတောင်တက်ခရီးစဉ်ကို နှစ်စဉ် စိတ်ဝင်စားမှုမြင့်တက်လာ၍ ပြည်တွင်းခရီးသွားသာမက ပြည်ပခရီးသွားများကိုပါ ဆွဲဆောင်ရန် ပိုမိုလိုအပ်လာကြောင်း ပူတာအို ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုမှ သိရသည်။

**အားလုံးပြင်ဆင်ထား**

“အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းပဲ ရေခဲတောင်တန်းတွေရှိတာပါ။ ပြည်တွင်းခရီးသွား နှစ်စဉ်လာရောက်လေ့ရှိပေမယ့် ပြည်ပခရီးသွားတော့ မရှိသေးပါဘူး။ သဘာဝကို အခြေခံတဲ့ ခရီးသွားဒေသဖြစ်တဲ့အတွက် ခရီးသွားတွေအတွက် အားလုံးပြင်ဆင်ထားပါတယ်။ ရေခဲတောင်တက်ခရီးစဉ်တွေကိုလည်း ရေးဆွဲထားပါတယ်။ မြန်မာပြည်မြောက်ဖျား ဒေသတစ်ခုတည်းမဟုတ်ဘဲ တစ်နိုင်ငံလုံး သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေ အဆင်ပြေတယ်ဆိုရင် စီးပွားရေးမောင်းနှင်အားတစ်ခုကို အရှိန်မြှင့်တင်လိုက်တဲ့သဘောပါပဲ။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**

## ဒေသစုံမှထွက်ရှိလာသည့် ဇမာကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်

မန္တလေး ဩဂုတ် ၂၈

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံဈေးကွက်သို့ ဒေသစုံမှထွက်ရှိလာသည့် ဇမာကြက်သွန်ဖြူများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ ဒေသစုံမှထွက်ရှိလာသည့် ဇမာကြက်သွန်ဖြူများ နေ့စဉ် ကားအစီးရေ သုံးစီးမှ လေးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ ဇမာကြက်သွန်ဖြူများသည် ဒေသစုံမှထွက်ရှိလာပြီး ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကာ ယခုလက်ရှိ ဇမာကြက်သွန်ဖြူဈေးနှုန်းများမှာ အရွယ်အစားပေါ်မူတည်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ ဈေးတို့ဖြင့်အရောင်းအဝယ်ဖြစ်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❍**



ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးဦးတည်

ဖွံ့ဖြိုးတိုးတက်လာသောနိုင်ငံများသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မတူကွဲပြားမှုများကို သီးခြားထားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခဲ့ကြသည်။ မိမိတို့၏ခံယူချက်၊ ရည်ရွယ်ချက်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ယုတ်လျော့ပျက်စီးစေနိုင်သည့် အဖျက်လုပ်ရပ်များကို ရှောင်ရှားကြသည်။ ထို့ကြောင့် နိုင်ငံများသည် အချိန်တိုကာလအတွင်း အလျင်အမြန်တိုးတက်လာကြသည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်အချိန်မှစ၍ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ၊ အုပ်စုစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အယူဝါဒစွဲများကြောင့် လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ကြရာ တိုင်းပြည်ယိုယွင်းပျက်စီးမှုများရှိခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကို အဆုံးသတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ယနေ့တိုင်အောင်မြင်မှုမရသေးပေ။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌လည်းကောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာ၌လည်းကောင်း လက်နက်ကိုင်ပဋိပက္ခများသည် အဓိကပိတ်ဆို့နေသည့် အဟန့်အတားများဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA ) လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ NCA သည် ပြီးပြည့်စုံမှုမရှိသေးသော်လည်း တိုင်းရင်းသားများ၏ တောင်းဆိုချက်များကို သဘောတူညီချက်စာချုပ်အဖြစ် ချုပ်ဆိုထားသော ကတိကဝတ်ပေးထားသည့်အချက်များဖြစ်သည်။ အဆိုပါစာချုပ်သည် နိုင်ငံတကာအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားခြင်းဖြစ်၍ အလေးဂရုပြုရန်လိုသည်။ တပ်မတော်အနေဖြင့် NCA အပေါ်အလေးထားပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ NCA သဘောတူညီချက်များကို အလေးထားပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနောက်ပိုင်းတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်တည့်မတ်ခိုင်မာအောင် ဆောင်ရွက်မှုအပေါ် နိုင်ငံရေးအရ သဘောထားကွဲလွဲပြီး အကြမ်းဖက်လမ်းစဉ် ပေါ်ပေါက်လာသည်။ အကြမ်းဖက်သမားများသည် လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင်အဆောက်အအုံများနှင့် အပြစ်မဲ့ပြည်သူများအား တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ ဓနအင်အားများကို ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးတွင် ထပ်မံကုန်ကျရသဖြင့် တိုးတက်မှုများနှောင့်နှေးခဲ့ရ၊ ဆုတ်ယုတ်ခဲ့ရသည်ကို ပြည်သူများကြုံတွေ့ကြရသည်။

နိုင်ငံရေးနှင့်ပတ်သက်၍ “မိမိတို့သည် နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အရေးအတွက်ပြည်သူလူထုများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့်ဒေသများသည် ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး လက်နက်ကိုင်၍ ဒေသမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေမှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း” ဩဂုတ်လ ၂၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကျိုးစီးပွားအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်၍ အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း အဆင့်လိုက် အကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ပြည်သူများဆန္ဒအတိုင်း ပေါ်ထွက်လာမည့် အစိုးရအား တာဝန်လွှဲပြောင်းပေးမည်ကို အတိအလင်းပြောကြားထားသည်။ ကြားကာလတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်တို့တွင် တိုးတက်လာစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် ဦးတည်ဆောင်ရွက်နေသည်မှာ ထင်ရှားနေသည်။

နှောင့်ယှက်ဖျက်ဆီး တိုက်ခိုက်မှုများ၊ ဝိုင်းဝန်းဟန့်တားပိတ်ဆို့မှုများကြားမှ ဒေသများတည်ငြိမ်အေးချမ်းမှုရှိလာအောင်၊ နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အပေါင်း ၃ ရာခိုင်နှုန်းအထက်ရရှိအောင် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှု ၉ ရာခိုင်နှုန်းအထက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်ကို မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ တိုင်းပြည်တိုးတက်လာအောင် ဆောင်ရွက်နိုင်ခြင်းသည်သာ အဓိကဖြစ်သည်။ သို့ဖြစ်ရာ သဘောထားဆန္ဒများ မတူကွဲပြားကြသော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ အားလုံးလက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိတ္ထီလာမြို့နယ် အုတ်ကျင်းကျေးရွာ ဝေဇယန္တာကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၈

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ကြက်ဥများကို လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု အုတ်ကျင်းကျေးရွာ ဝေဇယန္တာကျောင်းတိုက်သို့ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## အင်္ဂပူမြို့နယ်၌ သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေပေးအပ်ပွဲ ကျင်းပ



အင်္ဂပူ ဩဂုတ် ၂၈

ဧရာဝတီ တိုင်းဒေသကြီး အင်္ဂပူမြို့နယ် သမဝါယမဦးစီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ၂၀၂၃-၂၀၂၄ ခုနှစ် တတိယအကြိမ် နေကြာစိုက်ပျိုးထုတ်လုပ်မည့် သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများ ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ အသင်းသားများကို တစ်ဧကလျှင် ငွေကျပ် ၁၂၃၀၀၀ နှုန်းဖြင့် ၄၃၅ ဧက အတွက် ငွေကျပ် ၅၄၃၈၈၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၈၃၅ | ၇,၉၃၂,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၂၀၅ | ၃,၈၅၆,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၄၀ | ၁,၁၀၆,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၅၁၇ | ၈၇၈,၉၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၂ | ၂၉,၄၀၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၆၀ | ၁၃၈,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၂၅၈ | ၁,၂၃၈,၉၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၅၀ | ၆၃၀ | ၁,၁၆၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြောင်းမြမြို့၌ ကျင်းပသည့် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား တက်ရောက်

**မြောင်းမြ ဩဂုတ် ၂၈**

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကျင်းပသည်။




မြောင်းမြမြို့၌ ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီယယ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖားစည် ကိုးချက်တီး၍ဖွင့်လှစ်ပေးပြီး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်၊ဗဟိုအကြံပေးအဖွဲ့ဝင်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က အခမ်းအနား ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းသိန်းကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်တိုင်းရင်းသားမောင်မယ်များက ချည်ဖြူဖွဲ့ ပစ္စည်းများ သယ်ဆောင် နေရာချထားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များအား ချည်ဖြူဖွဲ့ပေးကြသည်။



**ရိုးရာအကများဖြင့်ဖျော်ဖြေ**

ချည်ဖြူဖွဲ့ မင်္ဂလာကျင်းပနေချိန် အတွင်း ကရင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေပြီး ကရင်အမျိုးသား သီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

---

**❂ ရှေ့ဖုံးမှ**

ထိုင်းနိုင်ငံက ခြေလျင်တောင်တက် အသင်းတွေဆိုရင် ဖုန်ကန်ရာဇီရေခဲတောင်ကိုတက်ဖို့ စိတ်ဝင်စားကြတယ်။ မြန်မာပြည်ကိုလာပြီး ရေခဲတောင်ခရီးစဉ် ဗဟုသုတတွေ လိုချင်ကြတယ်။ နိုင်ငံခြားသား ခရီးသွားသုံးဦးဟာ ပြည်တွင်းခရီးသွား ၁၀ ဦးနဲ့ ဝင်ငွေညီမျှတဲ့အတွက် နိုင်ငံခြားခရီးသွားဝင်ရောက်ဖို့အတွက် ဆွဲဆောင်မှုတွေ၊ ဖြေလျှော့မှုတွေလိုမယ်လို့ မြင်ပါတယ်”ဟု ပူတာအိုခရီးသွားဝန်ဆောင်မှုကုမ္ပဏီမှ ဦးယောဆက်က ပြောသည်။

အာဆီယံနိုင်ငံတို့တွင် ရေခဲဖုံးလွှမ်းသည့် တောင်တန်းများကို တစ်နိုင်ငံတည်းပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းမှ ဝင်ငွေပိုမိုရရှိရန် အခွင့်အလမ်းများစွာ စောင့်ကြိုလျက်ရှိပြီး အခြားဥရောပနိုင်ငံတို့ထက် ကုန်ကျစရိတ်သက်သာကာ ရှေးဟောင်းယဉ်ကျေးမှု၊ သဘာဝသယံဇာတ၊ ရိုးရာဓလေ့၊ အစားအစာနှင့် သဘာဝရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာနိုင်သည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံတို့တွင် သဘာဝကိုအခြေခံသော ခရီးသွားဒေသအရင်းအမြစ်များစွာ တည်ရှိနေပြီး ယခုလာမည့် ခရီးသွားရာသီ၌ ပြည်တွင်း ပြည်ပခရီးသွားများ ဝင်ရောက်မှုမှ ဟိုတည်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ပို့ဆောင်ရေးကဏ္ဍတို့မှ ယခင်နှစ်များထက် ဝင်ငွေပိုမိုရရှိရန် လင်းရောင်ခြည်များသန်းလျက်ရှိသည်။ နေပြည်တော်ခရီးစဉ်တွင် ကမ္ဘာပေါ်၌ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံး ကိန်းဝပ်စံပယ်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်လေ့လာဖူးမြော်ကြမည့် နိုင်ငံခြားသားခရီးသွားများစွာ ဝင်ရောက်လာဖွယ်ရှိနေသည်။

ဖုန်ကန်ရာဇီရေခဲတောင်ခရီးစဉ်တွင် သဘာဝအတိုင်း တောလမ်းမှ တောင်တက်ခရီးစဉ်ဖြင့် ရေခဲဖုံးလွှမ်းရာအစပ်သို့ တက်ရောက်နိုင်သည့်အတွက် တောင်တက် ခရီးသွားများ၏ လက်ဆင့်ကမ်းစကားသံတို့ဖြင့် ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်စားမှု ပိုမိုမြင့်တက်လျက်ရှိပြီး နှစ်စဉ် ပြည်တွင်းတောင်တက်ခရီးသွားများ မြင့်တက်လျက်ရှိသည်။

“သဘာဝကိုအခြေခံတဲ့ ခရီးစဉ်ဒေသတစ်ခုဖြစ်တာနဲ့အညီ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖို့ဆိုရင် နိုင်ငံတော်ရဲ့လမ်းညွှန်မှုနဲ့အတူ သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းသွားဖို့ လိုပါတယ်။ တစ်ချိန်မှာ ရေခဲတောင်ဒေသရဲ့ ခရီးသွားလုပ်ငန်းကနေ နိုင်ငံခြားဝင်ငွေရရှိလာမယ်လို့ ယုံကြည်ပါတယ်”ဟု ဦးယောဆက်က ဆက်လက်ပြောကြားသည်။

ကချင်ပြည်နယ်တွင် ပူတာအိုခရီးသွားလုပ်ငန်းအေးဂျင့်သုံးခုမှ နှစ်စဉ်တောင်တန်းခရီးသွားများကို ခရီးသွားဝန်ဆောင်မှုပေးလျက်ရှိပြီး ပြီးခဲ့သည့်ခရီးသွားရာသီ၌ အဆိုပါကုမ္ပဏီသုံးခုမှ တောင်တက်ခရီးသွား ၂၀၀ မှ ၃၀၀ ခန့်အထိ ဝန်ဆောင်မှုပေးနိုင်ခဲ့ကာ ဒေသခံတို့နှင့်ချိတ်ဆက်သွားလာကြသည့် တောင်တက်ခရီးသွားများဖြင့် ရေခဲတောင်ဒေသသို့ ခရီးသွား ၅၀၀ ခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – T&M**

---

## စက်တင်ဘာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေ မျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညို အခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များ ခန့်မှန်းချက်အရ စက်တင်ဘာလအတွင်း အားအသင့်အတင့်မှ အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုပုံစံမှုမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မုန်တိုင်း ဖြစ်ပေါ်မှု မှုမမှန်ခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

**မိုး/ဇလ**

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေ မှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနစာတမ်းများဖတ်ပွဲ ကျင်းပ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ (၄) စာအုပ် ထုတ်ဝေ




**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ (၁၅)ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဩဂုတ် ၂၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ဖတ်ကြားတင်ပြ**

သုတေသနစာတမ်းဖတ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နမ့်ယဉ်ယဉ်နွယ်က "ထိုင်းဘုရင့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း" သုတေသနစာတမ်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်လွဲလွဲခိုင်နှင့် ရုံးအုပ် ဒေါ်ဂျူနိုကိုလေးတို့က "ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားလွှတ်တော်ချုပ်၏ စာချွန်တော်လျှောက်ထားမှု အမှတ်-၁၃၆၀၄/၂၀၁၈ ကို လေ့လာတင်ပြခြင်း" စာတမ်းတို့ကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရှိ ဝန်ထမ်းများသည် အခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ထိရောက်မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာပေါ်ရှိ နိုင်ငံများက ကျင့်သုံးသည့် အမျိုးမျိုးသောဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်ရန် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေများ၊ AACC အဖွဲ့ဝင်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများက ဆုံးဖြတ်ခဲ့သည့် ထင်ရှားထူးခြားသည့် အမှုများအကြောင်းကို သုတေသနပြုလေ့လာလျက်ရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ သုတေသနပြုလေ့လာတွေ့ရှိချက်များကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်များ၊ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်များ၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ဝေါဟာရအဘိဓာန် စသည်ဖြင့် စာအုပ်များကို ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ စာအုပ်အတွဲ(၁)တွင် နိုင်ငံပေါင်းကိုးနိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအကြောင်းကို လည်းကောင်း၊ အတွဲ(၂)တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံ၊ အတွဲ(၃)တွင် နိုင်ငံပေါင်းကိုးနိုင်ငံတို့ဖြင့် စုစုပေါင်းနိုင်ငံ ၂၉ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအကြောင်းကို ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ အတွဲ(၄)စာအုပ်ကို ထပ်မံထုတ်ဝေခဲ့ပြီး စာအုပ်တွင် မြန်မာနိုင်ငံအပါအဝင် ဆူဒန်သမ္မတနိုင်ငံ၊ ကင်မရွန်းသမ္မတနိုင်ငံ၊ မြောက်မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ၊ ဇင်ဘာဘွေသမ္မတနိုင်ငံ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ၊ လစ်သူယေးနီးယားသမ္မတနိုင်ငံနှင့် ဆလိုဗက်ကီးယားသမ္မတနိုင်ငံ စသည်ဖြင့် နိုင်ငံ ၁၀ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအကြောင်းကို ဖော်ပြထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်များနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများရရှိနိုင်သဖြင့် လေ့လာဖတ်ရှုသူများအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြုစုထုတ်ဝေသော အဆိုပါစာအုပ်ကို ဝယ်ယူလိုပါက စာအုပ်တန်ဖိုး ငွေကျပ် ၆၅၀၀ ဖြင့် လုပ်ထုံးနှင့် သုတေသနဌာန တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၂၄၃၊ ၀၆၇-၃၄၃၀၂၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၃/ ၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ




**နေပြည်တော် ဩဂုတ် ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားသည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းမှပို့ချပေးသော အတွေ့အကြုံ၊ ဗဟုသုတများကို စနစ်တကျမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် အသုံးချတတ်ရန်၊ ပေးအပ်သော တာဝန်များကို ကျွမ်းကျင်မှုရှိစွာ သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင်မြင်အောင် စနစ်တကျ၊ စည်းကမ်းကျနစွာ ဆောင်ရွက်နိုင်ရန်၊ မိမိနိုင်ငံ၊ မိမိအစိုးရ၊ မိမိလူမျိုးနှင့် မိမိတို့ဝန်ကြီးဌာနအပေါ် သစ္စာစောင့်သိသော ဝန်ထမ်းများဖြစ်ရန်နှင့် နိုင်ငံ့တာဝန်များကို အမှားအယွင်းမရှိ စနစ်တကျဖြင့် စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် သင်တန်းသားများနှင့် Group Presentation အကောင်းဆုံးရရှိသည့် သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းမှရရှိသည့် အကျိုးကျေးဇူးများနှင့် သင်တန်းဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါသင်တန်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် စီမံခန့်ခွဲမှုသဘောတရားများ၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် သီအိုရီများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာဥပဒေရေးရာ၊ သံတမန်ရေးရာအခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ စာရင်းစစ်ဆေးခြင်းနှင့် အစစ်ဆေးခံရန်ပြင်ဆင်ခြင်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ စသည့်ဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ အရာထမ်း၊ အမှုထမ်း ၃၀ နှင့် အွန်လိုင်းမှ ၂၅ ဦး စုစုပေါင်း ၅၅ ဦး တက်ရောက်ကြသည်။

ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၃/၂၀၂၃) အထိ အရာထမ်း၊ အမှုထမ်း ၁၉၅ ဦး သင်တန်းပို့ချပြီးဖြစ်ကြောင်းနှင့် သင်တန်းအမှတ်စဉ် (၄ / ၂၀၂၃) ကို စက်တင်ဘာလတွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ပြုလုပ်

**ကျိုက်ထို ဩဂုတ် ၂၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေဥဩ)၌ ကျင်းပသည်။

ဦးစွာ စာပေချစ်သူများအသင်း(Book Club) အဖွဲ့ဝင် ဦးလှထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗလငါးတန်နှင့်ပြည့်စုံရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများ ဖြစ်စေရန် ပြင်ပစာအုပ်၊ စာပေတို့ကိုလေ့လာခြင်းဖြင့် နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်အားကစား"၊ "လူငယ်နှင့်အောင်မြင်မှု"၊ "လူငယ်နှင့်အချိန်"၊ "လူ့တန်ဖိုး" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ပြန်လည်ရှင်းလင်း



နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) သံရည်ကျိုမီးဖို အမှတ်(၁) ပြန်လည်စတင်ခြင်း ဖွင့်ပွဲအခမ်းအနား၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည့်အခမ်းအနား၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ BPI Pharmaceutical Museum နှင့် မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် (Freeze Dryer Machine) စတင်သုံးစွဲသည့် အခမ်းအနားတို့တွင် ပြောကြားခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ပြန်လည်ရှင်းလင်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စက်ရုံ၊ အလုပ်ရုံများမှ စက်ရုံမှူးများ၊ စိုက်ကွင်း၊ စိုက်ခြံတာဝန်ခံများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတို့မှ ဦးစီးမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

## လက်တွေ့ကျသည့်အစီအမံများဖြင့် ပံ့ပိုးဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို စက်မှုဝန်ကြီးဌာနအနေဖြင့် မူဝါဒအဖြစ်သတ်မှတ်၍ အမြန်ဆုံးအောင်မြင်အောင် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)နှင့် ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံ (အင်ရောင်း)တို့တွင် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နေသကဲ့သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကျန်ရှိသည့်စက်ရုံ၊ အလုပ်ရုံများကလည်း ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် အစီအမံများဖြင့် ပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းဆင်းများဖြစ်သည့် စက်မှုကျွမ်းကျင်လုပ်သားများကို နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၀)ကြိမ်မြောက်အစည်းအဝေး တက်ရောက်




နေပြည်တော် ဩဂုတ် ၂၈

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၀)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

## တက်ရောက်

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဦးစားပေးလုပ်ငန်းစဉ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Dian Triansyah Djani နှင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုး လိုက်ပါတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၉)ကြိမ်မြောက် အစည်းအဝေး အစီရင်ခံစာနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြသည်။ ထို့နောက် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်စာတမ်း မူကြမ်းတွင် သက်ဆိုင်ရာမဏ္ဍိုင်များဖြစ်ကြသည့် စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF-EI)၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် (Committee for the ASEAN Socio-Cultural Community-SOCA) နှင့် အာဆီယံပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (ASEAN Connectivity Coordinating Committee- ACCC) များမှ ပေးပို့လာသည့် သဘောထားအကြံပြုချက်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်စာတမ်းအား အပြီးသတ်ရေးဆွဲခဲ့ကြပြီး အဆိုပါ မျှော်မှန်းချက်စာတမ်းအား "အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅" အမည်ဖြင့် သတ်မှတ်အဆိုပြုရန် သဘောတူညီခဲ့ကြသည်။

ဒုတိယဝန်ကြီးက ၂၀၂၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်တွင် အာဆီယံအသိုက်အဝန်းသည် အဖွဲ့ဝင်နိုင်ငံများအကြား သော်လည်းကောင်း၊ အာဆီယံနှင့် အခြားသောကမ္ဘာ့နိုင်ငံများ အကြား သော်လည်းကောင်း ဖွံ့ဖြိုးမှုကွာဟချက် လျော့ကျရေးသည် အလွန်အရေးပါပါကြောင်း၊ သို့ဖြစ်ရာ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး အစီအစဉ်များသည် ဦးစားပေးအဖြစ် ဆက်လက်ထားရှိသင့်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်း ပေါင်းစပ်မှုများသည် သင့်တော်မျှတပြီး ခိုင်မာ၍ အပြန်အလှန်အကျိုးကျေးဇူးရှိစေမည့် စီးပွားဆက်သွယ်ရေးဖြစ်စေရန် အာဆီယံအချက်အချာကျမှု ( ASEAN Centrality) ကို အခြေပြုဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း အလေးထားဆွေးနွေးခဲ့သည်။

အဆိုပါ တက်ကြွ၍ ကြံ့ခိုင်မှုရှိသော ပြည်သူဗဟိုပြု အာဆီယံဆောင်ပုဒ်ဖြင့် ၂၀၄၅ အာဆီယံမျှော်မှန်းချက်စာတမ်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင်ပြုလုပ်မည့် (၃၄)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးတွင် အတည်ပြုချက်ရယူကာ (၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြ၍ မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

မိုးညှင်း ဩဂုတ် ၂၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟဲလုံ ခေတ်မီစံပြကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဘက်စုံသုံး



ခန်းမဆောင် တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရွာ၌ ကျင်းပသည်။

ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကို၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးငွေးမြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှအောင်နှင့် ကျေးရွာရပ်မိရပ်ဖများက သတ်မှတ်နေရာများတွင် ပန္နက်တင်ရိုက်ကြသည်။

ကျေးရွာ ဘက်စုံသုံးခန်းမကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(VDP)ဖြင့် ငွေကျပ်သိန်း ၁၅၀ နှင့် မြစိမ်းရောင်အတိုးရ ငွေကျပ်သိန်း ၂၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၅၀ ဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ အုတ်ညှပ်တစ်ထပ်အမျိုးအစား ကျေးရွာဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ ၅၄၉၄ ဧက စိုက်ပျိုးပြီးဖြစ်

ကျောက်ဆည် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ စားသုံးဆီဖူလုံရေး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှမ်း၊ မြေပဲ၊ နေကြာ စသည့်မိုးရာသီဆီထွက်သီးနှံများကို ဧက ၇၄၈၀ လျာထားစိုက်ပျိုးခဲ့ရာ ၅၄၉၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် ဆည်ရေသောက်စနစ်၊ မိုးကောင်းရေသောက်စနစ်များဖြင့် စိုက်ပျိုးခဲ့ကြောင်းနှင့် ဆင်းရတနာ-၄ နှမ်းသီးနှံ ၂၄၈၄ ဧက၊ ဆင်းပဒေသာ-၁၁ မြေပဲသီးနှံ ၁၁၈ ဧက၊ ဆင်းရွှေကြာ-၂ နေကြာသီးနှံ ၂၅၂၂ ဧက၊ ရေဆင်းစပ်မျိုး-၁ နေကြာသီးနှံ ဧက ၃၇၀ စုစုပေါင်း ၅၄၉၄ ဧက စိုက်ပျိုးပြီးကြောင်းနှင့် လျာထားဧကများ ပြည့်မီကျော်လွန်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက ဆီထွက်သီးနှံစိုက်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အများပြည်သူအကျိုးစီးပွားအတွက် အတ္တများကို လျှော့ပေးကြပါ

ကိုရေချမ်း

ပြီးခဲ့တဲ့အပတ်က နံနက်စာစားဖို့ ရပ်ကွက်ထဲက လူကြိုက်များတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ပါတယ်။ ဆိုင်အနီးမှာ ထူးထူးခြားခြား လူတစ်ယောက်ကိုတွေ့လို့ နံနက်စာစားရင်း ငေးမောကြည့်နေမိတယ်။ ထိုလူက ကန်စွန်းရွက်တစ်စီးကို သူ့ကားထဲက ထုတ်ပြီး လူစည်ကားနေတဲ့ လက်ဖက်ရည်ဆိုင်ဘက်ကို ထောင်ပြတယ်။ "တစ်စီး တစ်ရာ"၊ ကန်စွန်းရွက်အစည်းက ခပ်ကြီးကြီးပါပဲ။ ပြီးတော့ကားနောက်ဖုံးထဲကို ထည့်လိုက်တယ်။

တစ်ဆက်တည်းမှာပဲ မီးဖိုချောင်သုံး သီးနှံတွေကို သူ့ကားထဲကနေ တစ်ခုပြီးတစ်ခု ထုတ်ပြလိုက်၊ ဈေးနှုန်းပြောလိုက် လုပ်နေပါတယ်။ "ချဉ်ပေါင်ရွက်တစ်စီး တစ်ရာ"၊ "ပုံလုံသီးတစ်စီး ခြောက်ရာ"၊ "ရွှေဖရုံသီးတစ်လုံး ငါးရာ"၊ "ကြက်ဟင်းခါးသီးသုံးလုံး တစ်ရာ" စတဲ့စတဲ့ အသီးအနှံမျိုးစုံကို တစ်မျိုးတစ်ရာမှ ခြောက်ရာအတွင်းပဲ ရှိတယ်ဆိုပြီး ရှင်းပြပါတယ်။ မီးဖိုချောင်သုံး အသီးအနှံတွေဟာ လတ်လတ်ဆတ်ဆတ် စိမ်းစိမ်းစိုစို၊ ကြီးကြီးထွားထွား စိတ်ဝင်စားစရာကောင်းပါတယ်။

ဆိုင်ထဲက စားသောက်နေကြတဲ့ လူတွေအားလုံး သူ့ကိုငေးမောကြည့်နေကြပါတယ်။ ခဏကြာတော့ ဆိုင်ထဲကိုဝင်လာပြီး သူ့မိတ်ဆွေလို့ထင်တဲ့ လူတစ်ယောက်ကို ချဉ်ပေါင်ရွက်တစ်စီး လက်ဆောင်ပေးပါတယ်။ တစ်ဖက်စားပွဲမှာ ထိုင်နေတဲ့ ကျွန်တော်တို့လည်း သိလိုစိတ်နဲ့စပ်စုကြည့်မိတယ်။ "ဆရာကြီး အဲဒီအသီးအနှံတွေ ဘယ်ကဝယ်လာတာလဲ။" "၁၀ ရပ်ကွက်ဈေးက" ၁၀ ရပ်ကွက်ဈေးက ဘယ်မြို့နယ်လဲလို့ ထပ်မေးမလို့လုပ်တော့ဘေးကကျွန်တော့်ဇနီးက အဲဒါသာကေတ ၁၀ ရပ်ကွက်ဈေးကို ပြောတာလို့ စကားထောက်ပါတယ်။ "အဲဒီဈေးက အသီးအနှံတွေ သိပ်ပေါတယ်"။

တစ်ဖက်စားပွဲဝိုင်းက အိမ်ရှင်မတစ်ယောက်က "အဲဒီအသီးအနှံတွေကို ရပ်ကွက်ဈေးထဲမှာ ပြန်ရောင်းတဲ့အခါ ဈေးသည်တွေက အစည်းတွေ၊ အသီးတွေ ထပ်ခွဲပြီး အမြတ်တင်ရောင်းကြတယ်" လို့ ပြောပြပါတယ်။ ၁၀ ရပ်ကွက်ဈေးဆိုတာ သီးနှံတွေ လက်လီလက်ကားရောင်းတဲ့ ဈေးတစ်ခုဖြစ်တယ်။ ရန်ကုန်မြို့ ပတ်ဝန်းကျင်က စိုက်ကြပျိုးကြတဲ့သူတွေ တိုက်ရိုက်လာရောင်းကြလို့ အသီးအနှံတွေကို လတ်လတ်ဆတ်ဆတ် ဈေးနှုန်းချိုချို ဝယ်ယူနိုင်ကြပါတယ်။ အဲဒီကနေတစ်ဆင့် ရပ်ကွက်အသီးသီးက ဈေးတွေကိုရောက်တဲ့အခါ တစ်ဆင့်ပြန်ရောင်းချတဲ့သူတွေက ထပ်အမြတ်တင်တော့ တွက်ခြေကိုက်ပေမယ့် စားသုံးသူတွေလက်ဝယ် ဈေးများလာပါတယ်။

မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ တစ်နေ့တခြား မြင့်တက်လာတာနဲ့ ပတ်သက်လို့ လေ့လာကြည့်မယ်ဆိုရင် ပြောနေကြ ငွေဈေး၊ ရွှေဈေး၊ စက်သုံးဆီဈေးတွေနဲ့ တိုက်ရိုက်သက်ဆိုင်မှု ရှိ၊ မရှိ သုံးသပ်ကြည့်နိုင်ပါတယ်။ ကုန်စည်ဈေးနှုန်းမြင့်တက်လာတာဟာ နိုင်ငံခြားငွေ၊ စက်သုံးဆီနဲ့ သက်ဆိုင်မှုရှိပေမယ့်လည်း သူ့ချည်းပဲတော့ မဟုတ်ပါဘူး။ လူတွေရဲ့ လောဘကြောင့်လည်း ပါမယ်ဆိုရင် လက်တွေ့သိရှိချက်တွေအရ အငြင်းပွားစရာ ရှိမယ်မထင်ပါဘူး။ ပုံမှန်အားဖြင့် စက်သုံးဆီဈေးတက်လို့ဆိုတာလဲ အမြဲတက်နေတာမဟုတ်ပါဘူး။ တက်လိုက်ကျလိုက်ပါပဲ။ ကနေ့ရောင်းရေးဝယ်တာကိစ္စတွေမှာ ဖြစ်နေတာက "အများနည်းတူ ဈေးနှုန်းတက်သည်" ဆိုတဲ့ သီအိုရီ လက်ကိုင်ထားကြတာလို့ ပြောရမလို ဖြစ်နေပါတယ်။

ကုန်စည်ဈေးနှုန်း တက်တာနဲ့ ပတ်သက်လို့ အမိကကျတဲ့လက်သည်ကို ရှာကြည့်တဲ့အခါ နိုင်ငံခြားငွေဈေး မြင့်တက်တဲ့အပေါ်မှာ အားလုံးက စံနှုန်းယူကြတာ တွေ့ရပါတယ်။ နိုင်ငံခြားငွေဈေးက နေ့တိုင်းတက်နေသလို ကုန်ပစ္စည်းတွေကိုလည်း နေ့စဉ်ဈေးနှုန်း ပြောင်းလဲရောင်းကြပါတယ်။ "မနက်ဖြန် ဒီဈေးနဲ့ မရတော့ဘူးနော်၊ မြန်မြန်ဝယ်ထား၊ စေတနာနဲ့ပြောတာ" ဆိုတဲ့ အခြေခံစားကုန်နဲ့ ဆေးမျိုးစုံရောင်းသူတွေရဲ့ နေ့တိုင်းပြောနေကြ လက်သုံးစကားဟာ စားသုံးသူတွေအဖို့ နေ့စဉ်နားဝမှာမသက်သာ စိတ်နှလုံးဆင်းရဲရပါတယ်။ နိုင်ငံခြားငွေကြေး ဈေးကွက်ဟာ အခြေခံစားကုန်တွေနဲ့ တိုက်ရိုက်အချိုးမကျပေမယ့် စက်သုံးဆီဈေးတက်တာနဲ့ အခြေခံစားကုန်တွေ ဈေးတက်တာ အချိုးကျနေတာ တွေ့ရပါတယ်။

> **ရန်ကုန်မြို့တွင်း YBS စီးနင်းလိုက်ပါလာတဲ့ လက်လုပ်လက်စားဖြစ်ဟန်တူတဲ့ အိမ်ရှင်မတစ်ဦးက သူ့ရဲ့အဖော်ကို "အရင်က ငွေငါးထောင်နဲ့ ဈေးသွားလို့ရသေးတယ်၊ အခု ငွေတစ်သောင်းထည့်လာရင် ဘာဝယ်ရမှန်းမသိတော့တဲ့ ဒုက္ခကြုံနေရတယ်" ဆိုတဲ့ ညည်းတွားသံမျိုးတွေကို ကုန်သည်ပွဲစား၊ ဈေးရောင်းကြသူတွေက စာနာစိတ်ကလေးတွေထားကြည့်ကြမယ်ဆိုရင် ရောင်းသူတွေအနေနဲ့ "ငါတို့တွေမရှုံးရင် ဈေးနှုန်းဖြည်းဖြည်းတက်ကြရအောင်" ကုန်သည်တွေအနေနဲ့ "ငါတို့အစောပိုင်းက ဝယ်လှောင်ထားတဲ့ ကုန်တွေကို အရင်ဝယ်ဈေးနဲ့ပဲ ရောင်းလိုက်ကြစို့"၊ "သင့်တင့်လျောက်ပတ်တဲ့ အမြတ်အစွန်း ရရင်တော်ပါပြီ" ဆိုတဲ့ စိတ်ကူးလေးတွေရှိမယ်ဆိုရင် ကုန်ဈေးနှုန်းဟာ ဖြည်းဖြည်းချင်း တက်လိုက်ကျလိုက် ဖြစ်မှာမို့ ပြည်သူတွေ အသက်ရှူချောင်မယ်လို့ ထင်မိပါတယ်။**

ရန်ကုန်မြို့တွင်း YBS စီးနင်းလိုက်ပါလာတဲ့ လက်လုပ်လက်စားဖြစ်ဟန်တူတဲ့ အိမ်ရှင်မတစ်ဦးက သူ့ရဲ့အဖော်ကို "အရင်က ငွေငါးထောင်နဲ့ ဈေးသွားလို့ရသေးတယ်၊ အခု ငွေတစ်သောင်းထည့်လာရင် ဘာဝယ်ရမှန်း မသိတော့တဲ့ ဒုက္ခကြုံနေရတယ်"ဆိုတဲ့ ညည်းတွားသံမျိုးတွေကို ကုန်သည်ပွဲစား၊ ဈေးရောင်းကြသူတွေက စာနာစိတ်ကလေးတွေ ထားကြည့်ကြမယ်ဆိုရင် ရောင်းသူတွေအနေနဲ့ "ငါတို့တွေ မရှုံးရင် ဈေးနှုန်းဖြည်းဖြည်း တက်ကြရအောင်"ကုန်သည်တွေအနေနဲ့ "ငါတို့အစောပိုင်းက ဝယ်လှောင်ထားတဲ့ကုန်တွေကို အရင်ဝယ်ဈေးနဲ့ပဲ ရောင်းလိုက်ကြစို့"၊ "သင့်တင့်လျောက်ပတ်တဲ့ အမြတ်အစွန်းရရင် တော်ပါပြီ"ဆိုတဲ့ စိတ်ကူးလေးတွေရှိမယ် ဆိုရင် ကုန်ဈေးနှုန်းဟာ ဖြည်းဖြည်းချင်း တက်လိုက် ကျလိုက်ဖြစ်မှာမို့ ပြည်သူတွေ အသက်ရှူချောင်မယ်လို့ ထင်မိပါတယ်။

မိုခါမုန်တိုင်း တိုက်ခတ်အပြီးမှာ ကုန်စည်ဈေးနှုန်းတွေ အတက်ဘက်ကို တရိပ်ရိပ် ရောက်လာတာဟာ အခုဆို အခြေခံလူတန်းစား အများစုမှီခိုအားထားနေရတဲ့ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက် ဈေးနှုန်းတွေအထိ လိုက်တက်လာတာကို တွေ့ရပါတယ်။

ယခုနှစ်စက ဆန်ဈေးက ၂၄ ပြည်ပါ တစ်တင်းခွဲတစ်အိတ်ကို ဆန်ချောဆိုရင် ကျပ် ၇၅၀၀၀၊ ဆန်ကြမ်းဆိုရင် ကျပ် ၅၅၀၀၀ ရှိခဲ့ရာမှ သကြံန်နောက်ပိုင်းမှာ ပေါ်ဆန်းမွှေးဆိုရင် အရည်အသွေးအလိုက် ရှစ်သောင်းကျော်ကနေ တစ်သိန်းကျော်ကြား၊ မဂျမ်းတော ရှစ်သောင်းကျော်နဲ့ ဆင်းသွယ် ခုနစ်သောင်းဝန်းကျင်၊ အနိမ့်ဆုံး ဇီယာဆိုရင် ခြောက်သောင်းနီးပါး ဈေးတက်လာခဲ့ပါတယ်။ အခုဆိုရင် အခြေခံလူတန်းစားတွေ စားသုံးတဲ့ အနိမ့်ဆုံး၊ အညံ့ဆုံးဆန်တစ်ပြည်ကိုသုံးထောင်ကျော်၊ဆန်ကောင်းတစ်ပြည်ကို လေးထောင်ကျော်ဖြစ်နေတော့ ရတဲ့ဝင်ငွေဟာ အခြေခံစားကုန် အနိမ့်ဆုံးအဆင့်ကို မကျော်နိုင်တော့တဲ့ အခြေအနေဖြစ်နေပါတယ်။

ဒါ့အပြင် ဟင်းသီးဟင်းရွက်နဲ့ အခြားစားသောက်ကုန်တွေလည်း နှစ်စကနဲ့ မတူ ခြောက်လအတွင်း သိသိသာသာ ဈေးတက်လာပါတယ်။ ခြောက်လအတွင်း ဂေါ်ဖီတစ်စိတ်ကို တစ်ထောင်ကျပ်၊ ကန်စွန်း၊ ချဉ်ပေါင်ရွက် တစ်စီး နှစ်ရာသုံးရာကျပ်၊ ကြက်ဥတစ်လုံး တစ်ရာကျော်ကနေ သုံးရာ့ငါးဆယ်ကျပ်၊ ငရုတ်သီးစိမ်းဆိုရင် အနည်းဆုံး ကျပ် ၂၀၀၀ ဖိုး ဝယ်လို့မရတော့ဘဲ ကျပ် ၆၀၀၀၊ သားငါးတွေဆိုရင်လည်း တစ်ဆယ်သားကို ငါးရာကနေ တစ်ထောင်ကျော် ဈေးတက်လာတယ်လို့ အိမ်ရှင်မတွေက ပြောကြပါတယ်။ ဒါတောင်အခု ဒီဈေးနဲ့မရတော့ပါဘူး။ အခြေခံကုန်စည်ဈေးနှုန်းတွေ တက်လာတာဟာ အခြေခံပြည်သူတွေအတွက် အခက်တွေ့စေပါတယ်။ ဈေးနှုန်းတွေ တက်လာတာဟာ တိုက်ရိုက်အကျိုးသက်ရောက်မှုကြောင့် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းတက်လိုက်ရတာကို မပြောလိုသော်လည်း အမြတ်အစွန်းရလိုရေး တစ်ခုတည်းကြည့်ပြီး အများတက်လို့ ဈေးတက်ကြတာကတော့ မဖြစ်သင့်ပါဘူး။

ဥပမာအားဖြင့် အစီအရီထောင်ထားတဲ့ (ဖဲ)ကတ်တုံးလေးတွေရဲ့ ထိပ်ဆုံးကတ်တုံးလေးကို တွန်းလှဲလိုက်တာနဲ့ အားလုံး ဆက်တိုက်လဲကျသွားတဲ့ အဆင့်ကဲဖြစ်စဉ် Jenga ဂိမ်းကစားနည်းတစ်မျိုးလို ဦးဆုံးဖြစ်ရပ်ကြောင့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှု မီးခိုးကွက်လျှောက်ဖြစ်ရတဲ့ စီးပွားရေးသီအိုရီကို ပြည်သူအားလုံး ကြုံတွေ့နေကြရပါတယ်။ ဒေါ်လာဈေး၊ ရွှေဈေးတက်ပြီဆိုတာနဲ့ နောက်တစ်နေ့မဆိုင်းနေ့ကူးတောင် မစောင့်နိုင်ဘဲ ကုန်ပစ္စည်းဈေးနှုန်းတွေ အသီးသီးလိုက်တက်လာပါတယ်။ ဒေါ်လာပေါက်ဈေးပေါ် မူတည်ပြီး လက်ဝယ်ရှိ ကုန်ပစ္စည်းတွေကို ဈေးနှုန်းတင်လိုက်မယ်ဆိုရင် ကိုယ့်အတွက်တော့ အကျိုးအမြတ်များပေမယ့် စားသုံးသူပြည်သူတွေ ဘယ်လောက်အထိ အခက်အခဲဖြစ်မယ်ဆိုတာ ကိုယ်ချင်းစာကြည့်စေချင်ပါတယ်။

"ပေါက်ပင်ဘာကြောင့် ကိုင်းတယ်၊ ဖျိုင်းနားလို့ကိုင်းတယ်" ဆိုသလို ဒေါ်လာဈေးတက်လို့ စက်သုံးဆီဈေးတက်၊ စက်သုံးဆီဈေးတက်လို့ သယ်ယူပို့ဆောင်စရိတ်တက်၊ သယ်ယူပို့ဆောင်စရိတ်တက်လို့ ကုန်ပစ္စည်းဈေးတွေတက် စတဲ့မဆုံးနိုင်တဲ့ အဖြေရှာမရတဲ့ ဆက်တိုက်အကျိုးသက်ရောက်မှုတွေကို ပြည်သူတွေ ခံစားနေကြရပါတယ်။ ရှိပြီးသားကုန်တွေကို ဒေါ်လာဈေးတက်လို့ တက်လိုက်တာဟာ ကုန်သည်ပွဲစားရောင်းသူတွေအတွက် သည်းခြေကြိုက်ဖြစ်ပေမယ့် စားသုံးသူပြည်သူတွေအတွက် အထိနာလှပါတယ်။ အားလုံးဟာ အသိတရားနဲ့ အများပြည်သူတွေကို စာနာထောက်ထားပြီး ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးနှုန်းနဲ့ သမာအာဇီဝရောင်းချကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဘောဂဗေဒ သဘောတရားအရ ငွေကြေးဖောင်းပွတာဟာ အချိန်ကာလတစ်ခုအတွင်း ကုန်စည်နဲ့ ဝန်ဆောင်မှုတို့ရဲ့ ယေဘုယျဈေးနှုန်း မြင့်တက်လာခြင်းလို့ဆိုပါတယ်။ ယေဘုယျဈေးနှုန်း မြင့်တက်လာတဲ့အခါမှာ ငွေကြေးပမာဏတစ်ခုဟာ ပိုလို့နည်းတဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုကို ဝယ်နိုင်ပါတော့တယ်။ ကုန်ဈေးနှုန်းတက်လို့ ငွေရဲ့ဝယ်အား လျော့ပါးသွားတဲ့အခါ ငွေတန်ဖိုးကျလာပါတယ်။

စာမျက်နှာ ၇ သို့ ❖

> **မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ တစ်နေ့တခြား မြင့်တက်လာတာနဲ့ ပတ်သက်လို့ လေ့လာကြည့်မယ်ဆိုရင် ပြောနေကြ ငွေဈေး၊ ရွှေဈေး၊ စက်သုံးဆီဈေးတွေနဲ့ တိုက်ရိုက်သက်ဆိုင်မှုရှိ၊ မရှိ သုံးသပ်ကြည့်နိုင်ပါတယ်။ ကုန်စည်ဈေးနှုန်းမြင့်တက်လာတာဟာ နိုင်ငံခြားငွေ၊ စက်သုံးဆီနဲ့ သက်ဆိုင်မှုရှိပေမယ့်လည်း သူ့ချည်းပဲတော့မဟုတ်ပါဘူး။ လူတွေရဲ့လောဘကြောင့်လည်း ပါမယ်ဆိုရင် လက်တွေ့သိရှိချက်တွေအရ အငြင်းပွားစရာ ရှိမယ်မထင်ပါဘူး။ ပုံမှန်အားဖြင့် စက်သုံးဆီဈေးတက်လို့ဆိုတာလဲ အမြဲတက်နေတာ မဟုတ်ပါဘူး။ တက်လိုက်ကျလိုက်ပါပဲ။ ကနေ့ ရောင်းရေးဝယ်တာ ကိစ္စတွေမှာ ဖြစ်နေတာက "အများနည်းတူ ဈေးနှုန်းတက်သည်"ဆိုတဲ့ သီအိုရီ လက်ကိုင်ထားကြတာလို့ ပြောရမလို ဖြစ်နေပါတယ်။**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဘဏ်တော် အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံ စေတီတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တံတား၊ ဉယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့်ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chairများဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**





❖ စာမျက်နှာ ၆ မှ

ငွေတန်ဖိုးဟာ ကျစ်လျစ်သိပ်သည်းစွာ တန်ဖိုးမရှိတော့ဘဲ သူ့ချည်းသာ ဖောင်းပွလျက် တန်ဖိုး၌ကား နည်းပါးနေတဲ့ သဘောကို ငွေကြေး ဖောင်းပွတယ်လို့ ဆိုပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာဟာ သယ်ယူပို့ဆောင်စရိတ် တက်တာ၊ လုပ်ခနှုန်းတက်တာ၊ ကုန်ပစ္စည်းအထွက် ဆုတ်ယုတ်တာတွေကြောင့် ငွေကြေးဖောင်းပွမှုဖြစ်ကြပြီး ယင်းကို နည်းအမျိုးမျိုးနဲ့ ဖြေရှင်းနေကြရပါတယ်။ ကုန်ဈေးနှုန်းတွေ မြင့်တက်စေဖို့ အချို့ဝိသမလောဘသားတွေ ဈေးကစားနေမှုတွေရှိကြောင်း၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ တာဝန်ရှိသူတွေအနေနဲ့ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)မှာ နိုင်ငံတော်အကြီးအကဲက အသိပေးပြောကြားခဲ့ပါတယ်။ ငွေကြေးဈေးကွက်ကို အဓိကကစားနေကြသူတွေဟာ ပြည်တွင်းကျပ်ငွေ၊ နိုင်ငံခြားငွေနဲ့ ရွှေကိုင်ထားကြသူတွေက ဈေးကစားနေကြတာဖြစ်ပါတယ်။ နိုင်ငံခြားငွေကိုင်ထားသူတွေက ၎င်းတို့နိုင်ငံခြားငွေ တန်ဖိုးတက်ဖို့၊ မြန်မာကျပ်ငွေ ကိုင်ထားသူတွေက ရွှေဝယ်ပြီး ရွှေဈေးတက်အောင် ဆောင်ရွက်နေတာတွေ့ရပါတယ်။ အလားတူ မော်တော်ယာဉ်ဈေးနှုန်းတွေဆိုရင်လည်း ထိုက်သင့်တဲ့ ဈေးနှုန်းထက် အဆမတန်များပြားနေတာတွေ့ရပါတယ်။

ငွေကိုင်ထားသူတွေအနေနဲ့ တိုင်းပြည်နဲ့ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမယ့် စိုက်ပျိုးမွေးမြူရေးနဲ့ ကုန်ထုတ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံတာထက် ငွေရလွယ်ပြီး အမြတ်များများရနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ လုပ်ကိုင်နေကြတာတွေ့ရပါတယ်။ တရားမဝင်ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)တွေနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နေတာတွေကို အိမ်နီးချင်းနိုင်ငံအချို့မှာ စုံစမ်းဖော်ထုတ်အရေးယူနေတယ်လို့ ကြားသိရပါတယ်။ ကုန်သွယ်မှုနဲ့ပတ်သက်လို့ ငွေရေးကြေးရေး ဆောင်ရွက်ရာမှာ ဘဏ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့လိုပါတယ်။ တရားမဝင် ငွေလွှဲလုပ်ငန်းတွေ ဆောင်ရွက်နေတာကြောင့် နိုင်ငံ့စီးပွားရေးကို ထိခိုက်နစ်နာစေတာဖြစ်ပြီး ဖော်ထုတ်အရေးယူဖို့ လိုပါတယ်။

စီးပွားရေးလုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ ကိုယ်ကျိုးသက်သက်ကိုသာ ဦးစားပေးတဲ့ ဝိသမလောဘသားတွေရှိသလို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုတဲ့၊ အများပြည်သူ အကျိုးစီးပွားကို အလေးထားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလည်း ရှိပါတယ်။ ဝိသမလောဘသားတွေကို အရေးယူဖို့၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးတဲ့ လုပ်ငန်းရှင်တွေကို အားပေးချီးမြှင့်မှုတွေလုပ်ဆောင်ပေးဖို့ နိုင်ငံတော်အကြီးအကဲက အသိပေးထားပါတယ်။ မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ အစိုးရအနေနဲ့ ဝင်ရောက်ကိုင်တွယ်တာ လျှော့နိုင်သမျှ လျှော့ရမှာဖြစ်ပေမယ့် လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးအရ တိုက်ခိုက်မှု၊ ပိတ်ဆို့မှုနဲ့ နိုင်ငံ့စီးပွားရေး ပျက်ယွင်းအောင် လုပ်ဆောင်နေမှုတွေကြောင့် ဝင်ရောက်ထိန်းညှိဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

စီးပွားရေးလုပ်တယ်ဆိုတာ အမြတ်ရလိုလို့ လုပ်ကြတာဖြစ်ပါတယ်။ ဒါပေမယ့် ရသင့်ရထိုက်တဲ့ အမြတ်ဖြစ်ဖို့လိုပါတယ်။ လက်လီရောင်းချသူတွေအနေနဲ့ ပင်ရင်းဈေး ၁၀၀ တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုကို အမြတ် ၁၀ ရာခိုင်နှုန်း ထားမှာလား၊ ၂၀ ရာခိုင်နှုန်း ထားမှာလား၊ ၂၅ ရာခိုင်နှုန်း ထားမှာလား စတဲ့အားလုံး တစ်ပြေးညီဖြစ်စေမယ့်တိကျတဲ့သတ်မှတ်စံနှုန်းတစ်ခု ဖြစ်ဖို့လိုပါတယ်။ ၁၀၀ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုကို ၂၀၀၊ ၃၀၀ နဲ့ ရောင်းချင်ရင်တော့ နှစ်ဆ၊ သုံးဆ အမြတ်လိုချင်တဲ့ မတော်လောဘလို့ သတ်မှတ်ရမှာဖြစ်ပြီး ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူကို ထိခိုက်နစ်နာအောင် လုပ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ပြည်ပ သွင်းကုန်ပစ္စည်းတွေအနေနဲ့ ကမ္ဘာ့ဈေးနှုန်းပေါ်မှာမူတည်ပြီး အပြောင်းအလဲဖြစ်နေမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဈေးနှုန်းတက်တဲ့အခါ တက်ဈေး၊ ဈေးနှုန်းကျတဲ့အခါ ကျဈေးဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ စက်သုံးဆီဈေးဖြစ်စေ၊ စားသုံးဆီဈေး ဖြစ်စေ၊ ရွှေဈေးဖြစ်စေ ကမ္ဘာ့ဈေးနှုန်း ကျဆင်းပေမယ့်လည်း မြန်မာနိုင်ငံမှာ မကျဘဲ အရင်ဈေးအတိုင်း ရောင်းချနေတာကို တွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ အပြောင်းအလဲ ဘယ်လိုပင်ဖြစ်နေသော်လည်း တက်ဈေးနဲ့ လက်ဝယ်ရှိရင် တက်ဈေးနဲ့ပဲ ရောင်းသင့်ပါတယ်။ ကျဈေးဖြစ်ရင် ကျဈေးနဲ့ပဲ ရောင်းသင့်ပါတယ်။ စားသုံးသူပြည်သူတွေဟာ လက်ခုပ်ထဲကရေပါပဲ။ ဘာမျှဆင်ခြေပေးရန်မရှိ၊ ပေါက်တဲ့ဈေး၊ ပြောတဲ့ဈေးအတိုင်း ဝယ်နေရပါတယ်။

မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတက်တာဟာ အစဉ်အလာလိုဖြစ်နေပေမယ့်လည်း အဆမတန်၊ နေ့စဉ်ဈေးနှုန်း တက်နေမယ်ဆိုရင် ပြည်သူတွေ နေမြင့်လေ အရှုးရင့်လေ သဘောမျိုးဖြစ်မှာမို့လို ကိုယ်ချင်းစာနာသောအားဖြင့် အသိတရားနဲ့ စေတနာထား ဆောင်ရွက်ဖို့လိုပါတယ်။ မလျှော့တတ်ရင် ဈေးရောင်းဆိုသလို ဈေးရောင်းရင်းနဲ့ အလှူတစ်ခုပြုနိုင်အောင် အားထုတ်သင့်ပါတယ်။

ကုန်ဈေးနှုန်းတက်တာဟာ ခေတ်မြေဩဇာလို ပြည်ပသွင်းကုန် သွင်းအားစုပစ္စည်းတွေ ဈေးနှုန်းမြင့်မားလာတာ၊ သယ်ယူပို့ဆောင်စရိတ်တွေ မြင့်မားလာတွေကြောင့် အတက်ဘက်ကို ရောက်လာတာဟာ ဖြစ်သင့်ပေမယ့်လည်း ထူးခြားမှု အကြောင်းကိစ္စတစ်ခုကို ခေါင်းစဉ်တပ်ပြီး ကုန်ပစ္စည်းဈေးနှုန်းကို ဆွဲတင်တာ၊ ကုန်ပစ္စည်းအရောင်းကို ရုတ်တရက်ရပ်ပစ်တာ၊ ဝယ်လိုအားများအောင် ဖန်တီးတာ၊ ကုန်ပစ္စည်းတွေကို လိုတာထက်ပိုသိုလှောင်ထားတာတွေဟာ စီးပွားရေးအရ အမြတ်ထုတ်မှု၊ နိုင်ငံအကျပ်အတည်းဖြစ်အောင်ပြုလုပ်မှု ဖြစ်ပါတယ်။

ကုန်ဈေးနှုန်းတက်အောင်လုပ်တာ၊ တရားမဝင်ငွေကြေးကစားတာတွေဟာ အများပြည်သူတို့ အကျပ်အတည်းများဖြစ်စေနိုင်တာကြောင့် အစိုးရအနေနဲ့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ စီးပွားရေးလုပ်တဲ့နေရာမှာ လူလူချင်းစာနာစိတ်မွေးပြီး စီးပွားလည်းဖြစ် ကုသိုလ်လည်းဖြစ်အောင် မလုပ်ကိုင်ကြသရွေ့ မြန်မာပြည်ကြီး သာယာဝပြောမှုတွေနဲ့ အလှမ်းဝေးပြီး ဆင်းရဲတွင်းသံသရာနက်နေဦးမှာ ဖြစ်ပါတယ်။ အများပြည်သူလူထု အထူးသဖြင့် အခြေခံလူတန်းစားများ အကျိုးစီးပွားအတွက် အတ္တများကို လျှော့ပေးကြပါလို့သာ မေတ္တာရပ်ခံလိုက်ပါတယ်။ ။

# မိုင်းဆတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး



**မိုင်းဆတ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက မိုင်းဆတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မယ်နင်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၄) တောင်သူ ဦးလွင်ခမ်း၏ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်တွင် ကျင်းပသည့် စုပေါင်းမြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ မယ်နင်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်ကျေးရွာအုပ်စုနှင့် ကောင်းမှုတန်ကျေးရွာအုပ်စုတို့မှ တောင်သူများအား ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ရာ မိုးစပါးစိုက်တောင်သူများက လက်ခံရယူကြပြီး စိုက်ပျိုးရေးဦးစီးဌာန (ကျိုင်းတုံ)မှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးနည်းပညာများနှင့် မြေဩဇာစနစ်တကျ ထည့်သွင်းနည်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆင်းကေရီ-၃ စံပြစိုက်ခင်း လေးဧကတွင် မြေဩဇာကြဲပက်ခြင်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် မယ်နင်ကျေးရွာအုပ်စုနှင့် ကျွန်းတောကျေးရွာတို့အတွက် ထောက်ပံ့ငွေများပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ကျတီကျေးရွာအုပ်စု ကျွန်းတောကျေးရွာရှိ တောင်သူ ဦးခတ္တိယ စိုက်ပျိုးထားသည့် ကော်ဖီခြံ၊ သစ်မွှေးစိုက်ခင်း၊ ကျွန်းစိုက်ခင်းတို့ကိုလည်းကောင်း၊ မယ်နင်ကျေးရွာအုပ်စုရှိ တောင်သူ ဦးကောလီ စိုက်ပျိုးထားသည့် ပျားလိမ္မော်ခြံ၊ ကော်ဖီခြံ၊ သစ်ခေါက်စိုက်ခင်းနှင့် မယ်နင်ကျေးရွာရှိ ဦးစိုင်းရွက်မိန်း၏ ဥစားကြက်မွေးမြူရေးခြံသို့လည်းကောင်း သွားရောက်ကြည့်ရှုကြပြီး အမျိုးသမီးအိမ်တွင်းမှုနှင့် သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့သွားရောက်ကာ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ် အောင်ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည် စီမံကိန်းရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေး

**လယ်ဝေး ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဒေါ့ပင်ကျေးရွာအုပ်စု အောင်ကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများ၊ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက အောင်ကြီးကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အသင်းသူ အသင်းသားများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၃၈၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများက အောင်ကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် အသင်းသားအသင်းသူ ၁၆၁ ဦးအား လည်ပတ်ရန်ပုံငွေကျပ် ၃၈၃ သိန်းကို လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂



# သုတေသနနှင့် နည်းပညာ ပြန့်ပွားရေးအတွက် အရေးပါသော အကျိုးဆောင် တောင်သူများ တိုးပွားလာရေးကို ရည်မှန်းချက်ထားလုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၂၈**

ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနခွဲ ဒေသသုတေသန ဗဟိုဌာန (လက်ပံတန်း)ခြံ၏ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး တောင်သူများကိုယ်တိုင် ခေတ်မီစိုက်ပျိုးရေး နည်းပညာများနှင့် အကျွမ်းတဝင် ဖြစ်လာစေရေး၊ သုတေသနနှင့် နည်းပညာပြန့်ပွားရေးအတွက် အရေးပါသော အကျိုးဆောင် တောင်သူများ တိုးပွားလာရေးကို ရည်မှန်းချက်ထား လုပ်ဆောင်ကြရန်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအားလုံးကို စပါးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် အခြားအရေးကြီးသီးနှံများ မျိုးစေ့ထုတ်လုပ်ခြင်း မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မင်းလှမြို့နယ် ညောင်နီကုန်းကျေးရွာရှိ တောင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ထားသော သက်ရက် ၆၀ ရှိ သက်တမ်းတိုရက် ၉၀ မျိုးစေ့ထုတ် စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ရွှေဝါမြိုင်ရှေ့တန်းစခန်း နည်းပညာပြန့်ပွားရေးစခန်း၌ ကျင်းပသည့် တောင်သူများ ပူးပေါင်းပါဝင်သော သီးနှံမျိုးစေ့ ထုတ်လုပ်ရေး နည်းပညာပေး တွေ့ဆုံပွဲသို့ တက်ရောက်အားပေးပြီး သီးထပ်စွမ်းအားတိုးတက်ရေး ဆောင်ရွက်ကြရာတွင် လိုအပ်သော အများလိုအာဟာရဓာတ်များနှင့် အနည်းလိုအာဟာရဓာတ်များကို ပုံမှန်ပြန်လည် ဖြည့်တင်းပေးနိုင်စွမ်းရှိသော သဘာဝသစ်ဆွေးမြေဩဇာများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲကြခြင်းဖြင့် မြေဆီလွှာကျန်းမာရေးကို အစဉ်မပြတ် ကောင်းမွန်အောင် ဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံ အုပ်စု ကွင်းအမှတ်(၂၅၉) တောင်သူ ဦးခင်ဇော်၏ ရွှေနံ့သာပေါ်ဆန်းမွှေး မျိုးသန့်၊ မျိုးစေ့ထုတ်စံပြကွက်ကိုလည်းကောင်း၊ ပြည်မြို့နယ် နတ္တလင်းကျေးရွာရှိ မိုးနေကြာ (စပ်မျိုးနေကြာ-၁) မျိုးစေ့ထုတ် စံပြစိုက်ခင်း၊ မြွေရိုးအုပ်စု မိန်းမရဲကျေးရွာရှိ မိုးနေကြာ (ဆင်းရွှေကြာ-၂) မျိုးစေ့ထုတ် စံပြစိုက်ခင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အလားအလာကောင်းသော ဆင်းရွှေကြာ-၂ မျိုးမြင့်တင် ရွေးချယ်ရေးအစီအစဉ်ကို ရှင်းလင်းလမ်းညွှန် ဆွေးနွေးကာ စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ **ဒေသစုံမှ**

“မန္တလေးဈေးကွက်အတွင်းကို ဗမာကြက်သွန်ဖြူတွေ ဝင်ရောက်လာပြီး ဈေးကောင်းရနေပါတယ်။ ဗမာကြက်သွန်ဖြူက ကျန်းမာရေးအရ ဓာတုကင်းလွတ်လို့ စားလို့ကောင်းပြီး အရသာလည်း ကောင်းတယ်။ ကျန်းမာရေးအတွက်လည်း အထောက်အကူပြုတယ်။ ဗမာကြက်သွန်ဖြူက ဆေးဖက်လည်းဝင်ပါတယ်။ ဒေသစုံက အပြိုင်ထွက်ရှိလာပြီး ဈေးကွက်အတွင်းကို ဗမာကြက်သွန်ဖြူတွေ နေ့စဉ်လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ စိုက်ပျိုးမှုတွေကလည်း ရာသီဥတုအခြေအနေ ဖောက်ပြန်နေတာကြောင့် စိုက်သူနည်းသွားတယ်။ ဒါကြောင့် ဈေးကောင်းရနေပါတယ်။ အရောင်းအဝယ်တွေ ကောင်းနေတာကြောင့် တောင်သူတွေအတွက်လည်း အဆင်ပြေကြပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥစတဲ့ သီးနှံတွေလည်း အသင့်အတင့်ရောင်းအား ကောင်းနေပါတယ်”ဟု ၎င်းကပြောသည်။

အဆိုပါ ဗမာကြက်သွန်ဖြူကို တောင်ပေါ်မြေပြန့်နေရာများတွင် စိုက်ပျိုးနိုင်ကြောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မြန်မာထွက်ကုန် ကြက်သွန်ဖြူကို အဓိကထားစိုက်ပျိုးကြကြောင်း၊ ကုန်စိမ်းဈေးကို ပုံမှန်အတိုင်း ဖွင့်လှစ်ပြီး စည်ကားစွာ ရောင်းချနေကြောင်း၊ လက်ရှိအချိန်တွင် ဈေးသို့ကုန်မျိုးစုံဝင်ရောက်နေသည့် ကားအစီးရေမှာ နေ့စဉ် ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လွိုင်ကော်မြို့၌ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်းရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ



**လွိုင်ကော် ဩဂုတ် ၂၈**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲပြုစုရေး ကယားပြည်နယ် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကာလအလိုက် လယ်ယာမြေသုံးစွဲမှု မြေပြင်ပကတိအခြေအနေများကို ကွင်းဆင်းကောက်ယူပြီး စာရင်းဇယား မှန်ကန်စေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာမြေတွင် အဓိကသီးနှံဖြစ်သော စပါးကို ဦးစားပေးစိုက်ပျိုးရမည်ဖြစ်ပြီး မြေအမျိုးအစားအလိုက် သတ်မှတ်သီးနှံများစိုက်ပျိုးရန်၊ စိုက်ပျိုးနိုင်သောလယ်ယာမြေများ လျော့ပါးမှုမရှိစေရန်၊ လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် သုံးစွဲမှုများ ထပ်မံပေါ်ပေါက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီဝင်များက ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းစံနှုန်းများကို တည်ဆဲလယ်ယာမြေဥပဒေအရ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအပေါ် အခြေခံပြီး စနစ်တကျ ဆန်းစစ်ပြုစုတင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပြည်နယ်အတွင်း လယ်ယာမြေကို ခွင့်ပြုချက်မရရှိဘဲ အခြားနည်းသုံးစွဲမှုအခြေအနေများ၊ ပြည်နယ်မြေအသုံးချမှုကော်မတီ၏ လယ်ယာမြေဆိုင်ရာ လုပ်ထုံးလုပ်နည်းစံနှုန်း(SOP)ရေးဆွဲပြုစုရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများက ကဏ္ဍအသီးသီးတွင် မြို့နယ်များအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဆန်းစစ်တင်ပြသွားမည့် အကြံပြုသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက တင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)နှင့် အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၈**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်ရုံမှူးက လုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဂျပန်နိုင်ငံ Tsuyatomo Co., Ltd. နှင့် အကျိုးတူပူးပေါင်း၍ ဆေးဆိုးခြင်းလုပ်ငန်းများဆောင်ရွက်ရန် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် စမ်းသပ်လည်ပတ်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**မှာကြား**

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဆေးဆိုးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဆက်စပ်စက်ပစ္စည်းများ အမြန်ရရှိအောင် ကုမ္ပဏီနှင့်ညှိနှိုင်းဆောင်ရွက်ရန်၊ အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) ရေရှည်ရပ်တည်လည်ပတ်နိုင်အောင် ဝန်ထမ်းအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်၊ စက်ရုံ၌ရှိပြီး နည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေး လက်ဆင့်ကမ်း သင်ကြားလေ့ကျင့်ပေးရန်၊ ချည်များနှင့် ပိတ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံအတွင်း ချည်များထုတ်လုပ်နေမှု၊ ပိတ်များရက်လုပ်နေမှု၊ ဆေးဆိုးစက်များ တပ်ဆင်ပြီးစီးမှုနှင့် ပိတ်များအား အရောင်ချွတ်သည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၆ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ရှိ အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် စက်ရုံမှူးက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြန့်ဖြူးရောင်းချမည့် အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ အရည်အသွေးကောင်းမွန်သည့် ကုန်ကြမ်းများရရှိရေး စနစ်တကျစိစစ်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် မှာကြားပြီး ၁/၄၀ ချည်မျှင်များနှင့် ပိတ်များရက်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# EV သုံးစွဲသူ ပြည်သူများ၏ လက်ဝယ်အရောက် အသိပညာများကို ပြန်လည်မျှဝေပေးရန် လိုအပ်

**ရန်ကုန် ဩဂုတ် ၂၈**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စပါးခွံလောင်စာသုံး Gasifier အစည်းအဝေး၌ နိုင်ငံတော်မှချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် တိုင်းပြည်ရှိ ပေါကြွယ်ဝလျက်ရှိသော ပြန်ပြည့်မြဲစွမ်းအင် ရင်းမြစ်များမှ အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စပါးခွံလောင်စာရင်းမြစ်များသည်လည်း အဓိက ကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ၎င်းတို့ကို အလဟဿမဖြစ်စေဘဲ MSME လုပ်ငန်းများအတွက် ဓာတ်အား ထုတ်ယူသုံးစွဲရာတွင် စနစ်တကျ သုံးစွဲရန်၊ လူနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေမည့် ဒီဇိုင်းနှင့် စံချိန်စံညွှန်းများ၊ SOP များအတိုင်း တပ်ဆင်သုံးစွဲရန် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Rooftop Solar EV Charging System တပ်ဆင်နေမှု၊ EV သင်တန်းဆိုင်ရာ သင်ထောက်ကူများ ဖြည့်ဆည်းနေမှုများနှင့် EV ToT သင်တန်းအပတ်စဉ် ၄ ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်ရန်၊ လက်တွေ့ကျပြီး Update ဖြစ်ကာ စုံလင်သော သင်ရိုးညွှန်တမ်းများဖြစ်ရန်နှင့် သင်တန်းသားများအား ဌာနများ၊ လုပ်ငန်းခွင်များတွင် ဆင့်ပွားဖြန့်ဖြူးရန်နှင့် EV သုံးစွဲသူပြည်သူများ၏ လက်ဝယ်အရောက် အသိပညာများကို ပြန်လည်မျှဝေပေးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)သို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားများနှင့်တွေ့ဆုံ၍ MSME စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးမည့်နည်းပညာရှင်၊ ကျွမ်းကျင်ပညာရှင်များဖြစ်စေရေးသင်ယူလေ့ကျင့်ဆောင်ရွက်ရန်၊ ဗလငါးတန်ဖွံ့ဖြိုးသော၊ ကျင့်ဝတ်နှင့် စည်းကမ်းကို လေးစားလိုက်နာသော လူငယ်များဖြစ်စေရေး ဆောင်ရွက်ရန်နှင့် စာပေများကို ဖတ်ရှုလေ့လာရန် တိုက်တွန်းမှာကြားသည်။

**သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၈**

စစ်ကိုင်း တိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး/ အဖြေများ

**(ယမန်နေ့မှအဆက်)**

**One News Channel မှ ဦးသွင်ထူးအောင်**က ယခုလာမည့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း၊ ၂၀၂၄ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်သည် ၂၀၂၆ ခုနှစ်တွင် ပြီးဆုံးမည်ဟူ၍လည်း ကြေညာထားသည်ကို သိရကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ၂၀၂၄ သန်းခေါင်စာရင်းမှ ရသည့်အချက်များကို အခြေခံပြီး မဲစာရင်းပြုစုပြီးမှသာ ရွေးကောက်ပွဲ လုပ်နိုင်ခြေရှိသည်ဟုလည်း မှတ်ချက်ပြု ပြောဆိုနေသည်များလည်း တွေ့ရကြောင်း၊ လာမည့်ရွေးကောက်ပွဲကို ၂၀၂၄ သန်းခေါင်စာရင်းကောက်ယူကာ ကောက်ယူရေးလုပ်ငန်းစဉ်ပြီးမှ ဖြစ်နိုင်ဖွယ်ရှိသည်လားဟု သိလိုကြောင်း၊ မည်သည့်အချိန်တွင် ကျင်းပမည်ကို သိလိုကြောင်း မေးမြန်းသည်။

## သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖြစ်လာပြီး တပ်မတော်က တာဝန်ယူရခြင်းသည် မဲစာရင်း၊ မဲမသမာမှုကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲသည် မဲစာရင်းနှင့်ပတ်သက်ပြီးဖြစ်စေ၊ မဲပေးနိုင်သည့်သူများ၏ အခွင့်အရေးနှင့်ပတ်သက်ပြီးဖြစ်စေ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းအပေါ် အခြေခံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း မကြာခဏပြောနေကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းနှင့်ပတ်သက်ပြီး ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ထုတ်ပြန်သည့်စာရင်းက တစ်မျိုး၊ လူဝင်မှုကြီးကြပ်ရေးက ထုတ်ပြန်သည့်စာရင်း၊ ရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်သည့်စာရင်း ယင်းတို့ကို နှိုင်းယှဉ်ကြည့်သည့်အခါတွင် ၂၀၁၄ သန်းခေါင်စာရင်းကို မမူတည်ဘဲ ဖောင်းပွနေသည့် မဲစာရင်းများဖြင့် ဆောင်ရွက်ခဲ့၍ မဲစာရင်းမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် မဲမသမာမှုများ မဖြစ်ရအောင် အဓိကအခြေခံဖြစ်သည့် မဲစာရင်းမှားယွင်းမှုမျိုး မရှိရအောင် အဓိကထား ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူမှုဆိုသည်မှာ ကမ္ဘာ့စံချိန်စံညွှန်းအရ ၁၀ နှစ်ကို တစ်ကြိမ် ကောက်ယူရခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကောက်ယူပြီးဖြစ်သည့်အတွက် ၁၀ နှစ်ပြည့်သည့် ၂၀၂၄ ခုနှစ်တွင် ကောက်ခံနိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်း မကောက်ယူခင်က မြန်မာနိုင်ငံ၏လူဦးရေစာရင်း ခန့်မှန်းထားပြီး အမှန်တကယ် သန်းခေါင်စာရင်း ကောက်ယူပြီးသည့်အချိန်တွင် ခန့်မှန်းထားသည့် လူဦးရေထက်နည်းနေသည်ကို တွေ့ရကြောင်း၊ ယခင်စာရင်းမကောက်ခင်က မြန်မာနိုင်ငံ၏ မွေးဖွားနှုန်းသည် ၁ ရာခိုင်နှုန်းကျော်ကျော်၊ ၂ ရာခိုင်နှုန်းခန့်မှန်းခဲ့ကြောင်း၊ အမှန်တကယ် သန်းခေါင်စာရင်းကောက်ကြည့်ပြီးမှ မည်မျှရှိသည်ကို သိရကြောင်း၊ သုည ဒသမ ၈၅ ကိန်းဂဏန်းခန့်ရှိသည်ဟု သိရကြောင်း၊ သန်းခေါင်စာရင်းကောက်ယူပြီးမှသာလျှင် ယခုနောက်ပိုင်း ၁၀ နှစ်အတွင်း၌ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကို ထွက်သွားသည့်သူများ ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းရှိသူများကလည်း ရှိသင့်သည့်နေရာတွင် မရှိသူများလည်းရှိကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းကို အခြေခံနိုင်မှသာလျှင်၊ မြေပြင်တွင် အမှန်တကယ် ကောက်ယူနိုင်မှသာလျှင် မဲစာရင်းမှန်မှုလည်း ရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မိမိတို့အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။


One News Channel မှ ဦးသွင်ထူးအောင်


Myanmar Transparency News သတင်းဌာနမှ ဦးကျော်ဇေယျာငြိမ်း


Voice of Myanmar သတင်းဌာနမှ ဦးမောင်မောင်ထွန်း

**Myanmar Transparency News သတင်းဌာနမှ ဦးကျော်ဇေယျာငြိမ်း**က ပြည်တွင်း၌ အဓိကစားသုံးနေသည့် ဆန်ဈေးသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လိုက်လျှင် တစ်နှစ်ခွဲအတွင်း၌ ဆန်အမျိုးအစားအလိုက်ကို မူတည်ပြီး ၈၀ ရာခိုင်နှုန်းမှ ၁၅၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယင်းမှာ ပြည်တွင်းက ထုတ်သည့် ဆန်သာရှိသေးကြောင်း၊ တစ်ဖက်တွင်လည်း ဒေါ်လာဈေးနှုန်းကဆိုလျှင် ဗဟိုဘဏ် သတ်မှတ်ထားသည့် တစ်ဒေါ်လာ ၂၁၀၀ ထက်ကို ၈၀ ရာခိုင်နှုန်းကျော်ခန့် မြင့်တက်သွားကြောင်း၊ ယခင်နေ့က ဗဟိုဘဏ်ပြန်ထိန်းလို့ ပြန်ကျလာသည့်ဈေးနှင့် ပြန်တွက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သွင်းကုန်အများကြီးသွင်းနေရသည့် မြန်မာနိုင်ငံအနေဖြင့်ဆိုလျှင် ကုန်ဈေးနှုန်းများကလည်း လိုက်ပြီးမြင့်တက်လာရန်သာ ရှိကြောင်း၊ ၂၀၂၁-၂၀၂၂ နှင့် နှိုင်းယှဉ်မည်ဆိုလျှင် လက်ရှိကုန်ဈေးနှုန်းက မည်သည့်ပစ္စည်းကိုကြည့်ကြည့် နှစ်ဆမြင့်တက်နေသည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အစိုးရကပြည်သူများကို သက်သာချောင်ချိရေး လုပ်ပေးနေသည်ကိုတွေ့ရသော်လည်း ကုန်ဈေးနှုန်းအပါအဝင် အိမ်ခြံမြေဈေး၊ ကားဈေး၊ ဒေါ်လာဈေး၊ ရွှေဈေးများ အကုန်ဈေးတက်နေသည့် အချိန် အေးအေးချမ်းချမ်းနေလိုသည့် သာမန်အလုပ်သမားများ၊ နိုင်ငံ့ဝန်ထမ်းများက ကုန်ဈေးနှုန်း အဆမတန်မြင့်တက်မှုဒဏ်ကို အလူးအလဲခံနေရကြောင်း၊ ယင်းပြည်သူများနှင့် ဝန်ထမ်းများအတွက် လစာတိုးပေးခြင်းမျိုး၊ အခွင့်အရေးပေးခြင်းမျိုး၊ တိုးမြှင့်ပေးမှုရှိလာလျှင်လည်း တိုးမြှင့်ပေးမှုနောက်ပိုင်းတွင် ကုန်ဈေးနှုန်းများ ထပ်တက်မလာအောင် မည်သို့ စီမံထားမှုများရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

## အခြေခံလူတန်းစားများ၊ အခြေခံဝန်ထမ်းများအတွက် ဖြစ်သင့်သည့် ဈေးနှုန်းများ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဆန်ဈေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်သည့်အကြောင်းရင်းကို ပြောထားပြီးဖြစ်ကြောင်း၊ အဓိက စပါးဈေး၊ မိုးစပါးသည် ၂၀၂၀ ခုနှစ်က ၉ သိန်း၊ ၁၀ သိန်း၊ ယခုဆိုလျှင် ၁၇ သိန်း၊ ၁၈ သိန်းရှိကြောင်း၊ အဓိကအခြေခံစပါးဈေးသည်ပင်လျှင် တက်နေသည်ဖြစ်ကြောင်း၊ စပါးဈေးတက်နေသည်မှာလည်း မျှော်လင့်ချက်တစ်ခုနှင့်ဆွဲတင်ထားခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မူဝါဒအရဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရန် လုပ်ဆောင်နေသည်များရှိကြောင်း၊ တချို့သော မတက်သင့်သည့်ဈေးနှုန်းများ၊ ဖြေလျှော့မှုပေးထားသည့် ဈေးနှုန်းများနှင့်ပတ်သက်ပြီး ဖြေလျှော့မှုပေးထားသည့် ဈေးနှုန်းက အစိုးရမှရောင်းပေးလိုက်သည့် ဒေါ်လာဈေးက မည်မျှရှိသင့်ကြောင်း၊ အမြတ်တင်ပြီး ရှိသင့်သည့်ဈေးနှုန်းက မည်မျှရှိသည်ကို တွက်ချက်၍ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ပြန်လည်ဆောင်ရွက်မှုများ ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးများ ရှင်းပြသွားသည့်အတိုင်း ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအဖွဲ့များခွဲပြီး လုပ်ဆောင်နေသည်များရှိကြောင်း၊ ထိုအဖွဲ့များ ဖွဲ့စည်းပြီး လုပ်ဆောင်နေသည့်ထဲတွင် ထိုရည်ရွယ်ချက်များပါရှိကြောင်း၊ ထိုအဖွဲ့များအနေဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေအပေါ်တွင် မူတည်ပြီး အခြေခံလူတန်းစားများ၊ အခြေခံဝန်ထမ်းများအတွက် ဖြစ်သင့်သည့် ဈေးနှုန်းများကို ဖြစ်နိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Transparency News သတင်းဌာနမှ ဦးကျော်ဇေယျာငြိမ်း**က ထိုကာလအတောအတွင်း ဝန်ထမ်းများအတွက် မျှော်လင့်နေသည့်လစာအစီအစဉ်ကို ဗိုလ်ချုပ်တို့အနေဖြင့် ဖြေကြားပေးနိုင်မည်လားဟု မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဝန်ထမ်းများအတွက် မိမိတို့အနေဖြင့် ယခင်နှစ်က ကျောင်းဆရာ ကျောင်းဆရာမ၊ ကျန်းမာရေးဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အိမ်ငှားခစရိတ်များ ပေးခဲ့သည်များရှိကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး တခြားသောဝန်ကြီးဌာနများကိုလည်း ဝန်ကြီးဌာနအလိုက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးသည်များလည်း ရှိကြောင်း၊ ထိုကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ဝန်ထမ်းများနှင့်ပတ်သက်ပြီး တခြားဝန်ကြီးဌာနများက ဆောင်ရွက်ပေးသည့် ဥပမာများကိုလည်း ဒုတိယဝန်ကြီးများက ပြောပြပေးစေလိုကြောင်း ဖြေကြားသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိမှုအတွက် လစာမဟုတ်သည့် စရိတ်ချီးမြှင့်ငွေများ ဆောင်ရွက်ပေးသည့်အခြေအနေများကို တင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအမြဲတမ်းများ ဝတ်စုံစရိတ်များနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ တစ်ဦးကို ၃၀၀၀၀ ကျပ်နှုန်းဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ခံစားခွင့်ပြုပေးပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အိမ်ငှားစရိတ် ချီးမြှင့်ခြင်းနှင့်ပတ်သက်ပြီး အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်လျှင် မူရင်းလစာ၏ ၈ ရာခိုင်နှုန်း ၊အိမ်ထောင်မရှိလျှင် မူရင်းလစာ၏ ၄ ရာခိုင်နှုန်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လမှစပြီး ချီးမြှင့်ပေးနေကြောင်း၊ ပညာရေးဝန်ထမ်းများအတွက်ဆိုလျှင် ယခင်ကမရှိခဲ့သည့် ဆရာ ဆရာမများ ရရှိခဲ့သည့် ဘွဲ့အလိုက် ချီးမြှင့်ငွေများ ချီးမြှင့်ထားပါကြောင်း၊ ၂၀၂၀ ခုနှစ် အောက်တိုဘာလမှစ၍ ပါရဂူဘွဲ့ရသူဆိုလျှင် ၃၀၀၀၀၊ မဟာဘွဲ့ ၂၅၀၀၀၊ ဘွဲ့လွန်ဒီပလိုမာ ၁၀၀၀၀ လစဉ်ထောက်ပံ့ပေးပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများ၏လစာများကိုလည်း တိုးမြှင့်ပေးပါကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများ၏သင်ကြားရေး တစ်ရက်ချီးမြှင့်ငွေနှုန်းထားများကိုလည်း တိုးမြှင့်ပေးထားကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ပညာရေးကဲ့သို့ပင် ၂၀၂၁ ခုနှစ် ဧပြီလမှစ၍ လစဉ် ချီးမြှင့်ပေးပါကြောင်း၊ ဒီပလိုမာဘွဲ့ရရှိသူ ၁၀၀၀၀ ကျပ်၊ မဟာသိပ္ပံဘွဲ့ ၂၅၀၀၀ကျပ်၊ ပါရဂူဘွဲ့ ၃၀၀၀၀ ကျပ်နှင့် ကျန်သည့်ကိစ္စရပ်တစ်ရပ်ချင်းအတွက်လည်း အစိုးရအဖွဲ့ကိုတင်ပြပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချီးမြှင့်ပေးပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

**Voice of Myanmar သတင်းဌာနမှ ဦးမောင်မောင်ထွန်း**က အောက်ခြေလူတန်းစား၊ ပြည်သူအများစုအနေဖြင့် လုံခြုံမှုလည်းမရှိကြောင်း၊ စိုက်ပျိုးလုပ်ကိုင်၍ မရသည့်အထဲ အဆမတန်မြင့်တက်နေသည့် ကုန်ဈေးနှုန်းကြောင့် အလူးအလဲခံနေရခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့အစီအစဉ်များ လုပ်ဆောင်နေသည်ကို သိလိုကြောင်း၊ ငြိမ်းချမ်းရေးအရေးကြီးသည့်အတွက် လက်နက်ကိုင်အင်အားစုများနှင့် ငြိမ်းချမ်းရေးညီလာခံလုပ်ရန် စီစဉ်နေသည်ဟု သိရကြောင်း၊ မည်သည့်အဆင့်၊ မည်သည့်ရက်သတ်မှတ်ထားသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပထမမေးခွန်းဖြစ်သည့် ကုန်ဈေးနှုန်းနှင့်ပတ်သက်သည်များကို ပြောပြီးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက်နေမှုများရှိကြောင်း၊ တရားဝင်တွေ့ဆုံမှုများကို စာရင်းဇယားနှင့် ပြောခဲ့ကြောင်း၊ တွေ့ဆုံသည့်နေရာတွင် EAOs အဖွဲ့သာမက EAOs အဖွဲ့တွင်လည်း NCA လက်မှတ်ထိုးပြီး ခုနစ်ဖွဲ့၊ လက်မှတ်မထိုးရသေးသည့်အဖွဲ့ သုံးဖွဲ့တို့နှင့်တွေ့ဆုံမှုများရှိခဲ့ကြောင်း၊ လစဉ်နီးပါးခန့်ရှိကြောင်း၊ ၎င်းတို့နှင့်တွေ့ဆုံရုံသာမက နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံမှုများရှိကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် State Holder များနှင့် တွေ့ဆုံမှုများလည်း ရှိကြောင်း၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ တချို့သောတွေ့ဆုံမှုများမှာ တောင်းဆိုမှုများရှိကြောင်း၊ တချို့သောတောင်းဆိုမှုများသည် ဒေသဖွံ့ဖြိုးရေးအတွက် လိုလားချက်၊ ဒေသမှာရှိသည့် လမ်းပန်းဆက်သွယ်ရေးအတွက် လိုလားချက်များ၊ စီးပွားရေးအတွက်

**စာမျက်နှာ ၁၁ သို့ ✤**

✤ စာမျက်နှာ ၁၀ မှ
လိုလားချက်များကို ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များလည်းရှိကြောင်း၊ သို့သော် တချို့သောလိုလားချက်များက အခြေခံဥပဒေကိုပြင်မှ လုပ်ပေးနိုင်သည့် လိုလားချက်များရှိကြောင်း၊ အခြေခံဥပဒေပြင်ရန်ဆိုလျှင် လွှတ်တော်ကသာ ပြင်၍ရမည်ဖြစ်ကြောင်း၊ တချို့သော EAOs အဖွဲ့များက ကဖျက်ယဖျက်လုပ်ကြောင်း၊ တချို့သော EAOs အဖွဲ့များတော့မပါကြောင်း၊ တချို့က အခုအချိန်ဆွေးနွေးလျှင် ဘာထူးမှာလဲ ဘာမှလုပ်စရာမရှိဘူးဆိုသည့် ပုံစံမျိုးပြောကြောင်း၊ မိမိ မကြာခဏပြောသကဲ့သို့ လွှတ်တော်ထဲရောက်လျှင် တပ်မတော်သား လွှတ်တော်အမတ် ၂၅ ရာခိုင်နှုန်းပါကြောင်း၊ မိမိတို့အဘယ်ကြောင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ ဆွေးနွေးနေရသလဲဆိုလျှင် ထိုနိုင်ငံရေးပါတီများကသာ လွှတ်တော်အမတ်ဖြစ်နေသူများဖြစ်ကြောင်း၊ ယခုမှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီထဲကသာ ရွေးချယ်မည်ဖြစ်ကြောင်း၊ ၎င်းတို့ထဲကသာ လွှတ်တော်အမတ်များ အများစုဖြစ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စတင်ဆွေးနွေးထားခြင်းအားဖြင့် မိမိတို့သဘောတူထားသည့် အချက်များ၊ ဆွေးနွေးချက်များကို တပ်မတော်အနေဖြင့် လွှတ်တော်၌ ကန့်ကွက်စရာမရှိကြောင်း၊ တပ်မတော်က ကန့်ကွက်စရာမရှိဘူးဆိုလျှင် တိုင်းရင်းသားများ၏ အခွင့်အရေးတောင်းဆိုမှုကို မည်သည့်နိုင်ငံရေးပါတီမှ အမိုက်ခံပြီးကန့်ကွက်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စုစည်းနေခြင်းဖြစ်ကြောင်း၊ အများပါဝင်သည့် EAOs အဖွဲ့များ၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အစိုးရပါဝင်သည့် ဆောင်ရွက်မှုမျိုး၊ စုစည်းမှုမျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့က သဘောတူညီချက်များကို စုစည်းထားပြီး အသင့်ဖြစ်အောင်လုပ်ထားမည်ဖြစ်ကြောင်း၊ ထိုသို့အသင့်ဖြစ်အောင် ဆောင်ရွက်ပေးသွားရန်ရှိကြောင်း၊ ယင်းသို့လုပ်ဆောင်ပေးခြင်းသည် မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒုတိယအချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မူတည်ပြီး သွားနေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ထပ်မံပြောကြားလိုသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ် မကြာခဏပြောသကဲ့သို့ ငြိမ်းချမ်းရေးလိုလားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ EAOs များအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲတမ်းတွေ့ဆုံဆွေးနွေးရန်အတွက် တံခါးဖွင့်ထားကြောင်း၊ အမြဲတမ်း တွေ့ဆုံဆွေးနွေးရန်အတွက် ကြိုဆိုလျက်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးကြပါ၊ ပါဝင်ဆွေးနွေးကြပါဟု မိမိအနေဖြင့် ပြောလိုကြောင်းဖြင့် ဖြေကြားသည်။

**People Media Agency မှ သတင်းထောက် ဦးကျော်စိုးဦး**က ပထမမေးလိုသည်မှာ လက်ရှိအကြမ်းဖက်အဖွဲ့ KIA၊ KNU၊ KNPP စသည့် လက်နက်ကိုင်အဖွဲ့များသည် NUG နှင့်ပူးပေါင်းပြီး နိုင်ငံ၏ ယန္တရားများကို ဖျက်ဆီးနေသည်မှာ နှစ်နှင့်ချီနေပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာရန်ရှိ/မရှိ သိလိုကြောင်း၊ ဒုတိယမေးခွန်းမှာ ယင်းအဖွဲ့များအနေဖြင့် ပြည်ပနိုင်ငံများနှင့်ဆက်စပ်မှုမှာ မည်သို့ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

## လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့နှစ်ဖွဲ့

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က KIA၊ KNU၊ KNPP၊ CNF အဖွဲ့များထဲတွင် NCA လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့နှစ်ဖွဲ့ပါဝင်ကြောင်း၊ KIA နှင့် KNPP အဖွဲ့တို့မှာ လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်း၊ KNU အဖွဲ့ထဲတွင်လည်း အမျိုးမျိုးကွဲပြားနေသည်များရှိကြောင်း၊ တချို့လည်း အစိုးရနှင့် ဆွေးနွေးမှုများ ပြုလုပ်နေသည်များရှိကြောင်း၊ တချို့လည်း အစိုးရကို ဆန့်ကျင်ပြီး လက်တွေ့လုပ်နေသည်များလည်းရှိကြောင်း၊ KNU နယ်မြေတွင် KNU နှင့် မသက်ဆိုင်သောသီးခြားအဖွဲ့များလည်း ထွက်ပေါ်နေသည်ကို တွေ့ရကြောင်း၊ ပြည်ပစွက်ဖက်မှုများရှိသည်ကိုလည်း တွေ့ရကြောင်း၊ Free Burma Ranger ကဲ့သို့ အဖွဲ့များလည်း တွေ့ရကြောင်း၊ ကျန်သည့် ပြည်ပစွက်ဖက်မှုများလည်း တွေ့ရမည်ဖြစ်ကြောင်း၊ NUG-PDF အကြမ်းဖက်များကို အားပေးသည့် အဖွဲ့များလည်းတွေ့ရကြောင်း၊ KIA နှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက တချို့သော KIA ခေါင်းဆောင်များ၏ အန္တရာယ်များသည့် ပြောကြားချက်များကိုလည်း တွေ့ရကြောင်း၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးလည်း သိကြမည်ဖြစ်ကြောင်း၊ KIA ခေါင်းဆောင်တစ်ဦးပြောကြားထားတာရှိကြောင်း၊ စစ်ကိုင်းနှင့် အနီးဆုံးနေရာရှိ ၎င်းတို့တပ်မဟာတစ်ခု၏ လက်နက်တိုက် ဖွင့်ပေးလိုက်ခြင်းကြောင့် စစ်ကိုင်းတိုင်းသည် မီးဟုန်းဟုန်းတောက်နေကြောင်း၊ KIA အနေဖြင့်



People Media Agency မှ သတင်းထောက် ဦးကျော်စိုးဦး

၎င်းတို့၏လက်နက်အားလုံး ပေးလိုက်ပါက မြန်မာပြည်တစ်ခုလုံးဒုက္ခရောက်သွားမည်ဟု ပြောခဲ့ကြောင်း၊ ထိုပြောစကားအပေါ် ထောက်ခံသူများ၊ ဝမ်းသာသူများလည်းရှိကြောင်း၊ ထိုပြောစကားကို ထောက်ခံနေသည့် ဗမာများလည်းရှိကြောင်း၊ မိမိအနေဖြင့် ထိုထောက်ခံသည့်ဗမာများကို အံ့ဩမိကြောင်း၊ ခေါင်းထဲတွင် နက်နက်နဲနဲ စဉ်းစားကြည့်စေလိုကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် မီဒီယာတချို့လည်းပါကြောင်း၊ ဗမာလူမျိုးအချင်းချင်း သတ်တာကို အားပေးအားမြှောက် လက်ခုပ်တီးနေသည်ကို ရောယောင်ကာ လက်ခုပ်တီးပြီး အားပေးနေကြကြောင်း၊ ပြန်လည်ဆင်ခြင်စေလိုကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာခြင်းပြု/ မပြုသည် ၎င်းတို့၏ လုပ်ဆောင်ချက်အပေါ်တွင် မူတည်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် NCA လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရန် အမြဲဖိတ်ခေါ်လျက်ရှိကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် အတိုင်းအတာတစ်ခုအထိသာ ရှိမည်ဖြစ်ကြောင်း၊ ယင်းတို့၏လုပ်ဆောင်မှုအပေါ်တွင် များစွာမူတည်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**NP News Agency မှ ဦးကျော်မျိုးမင်း**က ပြီးခဲ့သည့်နှစ် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဗိုလ်ချုပ်အနေဖြင့်ပြောခဲ့သည်ရှိကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ရာတွင် အဆုံးစွန်အထိဟုပင် ပြော၍ရသည့် လိုက်လျောမှုစကားပြောခဲ့ကြောင်း၊ ယင်းမှာ "ငြိမ်းချမ်းရေးဆွေးနွေးဖို့ လာခဲ့ပါ။ ကြိုတင်ကန့်သတ်ချက်မထားဘူး" မည်မျှအထိပြောခဲ့သလဲဆိုလျှင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိုယ်ပိုင်



NP News Agency မှ ဦးကျော်မျိုးမင်း

ပြဋ္ဌာန်းခွင့်ပါ လိုအပ်ရင်တောင်၊ ဒါတွေကို လွှတ်တော်ကြီးပေါ်လာရင် တပ်မတော်ဘက်က ခွင့်ပြုမယ်" ဆိုသည်အထိပြောထားတာရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်များ အမြဲပြောနေသည့်စကားဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး တပ်မတော်ဘက်က ခွင့်ပြုပေးထားပြီဟု အဆုံးစွန်အထိ ပြောထားသည့်တိုင်အောင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အများစု၏ တုံ့ပြန်မှုများသည် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပို၍ဆိုးလာသည်ကိုတွေ့ရကြောင်း၊ အထူးသဖြင့် "တပ်မတော်က နိုင်ငံရေးက ထွက်ကိုထွက်ရမယ်"ဆိုသည့် စကားမျိုးပြောလာကြောင်း၊ တစ်ဖက်တွင်မူ ၎င်းတို့က လက်နက်ကိုင်ထားပြီး တပ်မတော်ကို ထွက်ခိုင်းသည့်ပုံစံမျိုးပြောကြောင်း၊ တပ်မတော်ကလည်း အဆုံးစွန်အထိ လျှော့စရာရှိသည်များကို အကုန်လျှော့ထားကြောင်း၊ ထိုမျှအထိ လျှော့ထားပေးသည့်ကြားထဲက ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးစကားဝိုင်းများကို တက်ရောက်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး တပ်မတော်ဘက်က မည်သို့တုံ့ပြန်ပြောကြားလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

## အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်း၊ EAOs အဖွဲ့အစည်းအားလုံး လက်မှတ်ရေးထိုး

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုလည်း မိမိတို့အနေဖြင့် ကန့်သတ်ချက်မထားဘဲ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ၎င်းတို့ကို လာရောက်ဆွေးနွေးကြဖို့ အမြဲတိုက်တွန်းလျက်ရှိကြောင်း၊ ဒီ့တာဝန်အရေးသုံးပါးကို ဦးတည်ရန်လည်း အမြဲတိုက်တွန်းကြောင်း၊ အခြေခံဥပဒေအရဆိုလျှင် ပြည်နယ်များနှင့်ပတ်သက်သည့် ဥပဒေများကို မိမိတို့အနေဖြင့် ယခုလောလောဆယ်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို မကျော်လွန်စေဘဲဟု သုံးနှုန်းထားကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို လိုအပ်လျှင် ပြင်မည်ဟု ပြောခဲ့သည်ရှိကြောင်း၊ ဤကဏ္ဍကို စတင်ဆောင်ရွက်တာအားလုံး သိကြလိမ့်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးညီလာခံတွင် တိုင်းရင်းသားများ ပုဒ်မ ၂၆၁ နှင့်ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်များကို ပြည်နယ်များကသာ ခန့်အပ်ရန် ပြောကြားချက်များရှိကြောင်း၊ ယင်းကို ပထမဦးဆုံးထောက်ခံသူကတပ်မတော်သာဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ယခုလက်ရှိနိုင်ငံတော်ဝန်ကြီးချုပ်ပင် ဖြစ်ကြောင်း၊ ထိုကဲ့သို့ မိမိတို့စတင်ပြီး လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးမေးသည့်မေးခွန်းကို အနှစ်ချုပ်ရလျှင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး NCA ကို အမျိုးမျိုးပြောဆိုနေမှုများ ရှိကြောင်း၊ NCA သည် အကျုံးမဝင်ကြောင်း စသည်ဖြင့် တချို့ EAOs အဖွဲ့များက ပြောဆိုမှုများ ရှိကြောင်း၊ NCA အခန်း (၁) ကိုလည်း ဖတ်ကြည့်စေလိုကြောင်း၊ NCA အခန်း(၁) တွင် ၁၁ ပိုဒ်ပါကြောင်း၊ ကျေကျေညက်ညက် ဖတ်ကြည့်စေလိုကြောင်း၊ သို့မှသာအဓိပ္ပာယ်ကို သိမည်ဖြစ်ကြောင်း၊ တချို့မဖတ်ကြဘဲ ဟုတ်နိုးနိုးထင်နေကြကြောင်း၊ တပ်မတော်အစိုးရတက်လာခြင်းသည် မဲမသမာမှုကြောင့် တက်လာခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုမဖြစ်ခဲ့လျှင် ယခုကဲ့သို့ဖြစ်လာမည်မဟုတ်ကြောင်း၊ စေ့စပ်ညှိနှိုင်းရန် ပြောဆိုသော်လည်း မဖြစ်လာခြင်းကြောင့် ယခုကဲ့သို့ဖြစ်လာခြင်းဖြစ်ကြောင်း၊ NCA သည် စတင်မြစ်ဖျားခံလာသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အဆိုပြုရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ရေးဆွဲခဲ့ပြီးအတောအတွင်း EAOs အဖွဲ့များရှိသည့် ဒေသများတွင် ညီလာခံများလုပ်ကာ အကျေအလည်ဆွေးနွေးပြီးမှဖြစ်လာခြင်း ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအနေဖြင့်လည်း အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်း၊ EAOs အဖွဲ့အစည်းအားလုံး လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုပြောဆိုချက်များသည် NCA လက်မှတ်ရေးထိုးသည့်အဖွဲ့ထဲတွင် အဖွဲ့တစ်ဖွဲ့၊ နှစ်ဖွဲ့သာ ပြောဆိုကြခြင်းဖြစ်ကြောင်း၊ ကျန်အဖွဲ့များ ပြောဆိုကြခြင်း မရှိကြောင်း၊ ထိုပြောဆိုမှုများသည် ၎င်းတို့၏ သဘောထားပင်ဖြစ်ကြောင်း၊ မိမိတို့သဘောထားမဟုတ်ကြောင်း၊ ယင်းသို့ပြောသည့်အဖွဲ့ထဲတွင်ပင် အစိုးရနှင့် ဆွေးနွေးလိုသည့်အဖွဲ့များ ရှိကြောင်း၊ အစိုးရနှင့် ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်လိုသည့်အဖွဲ့များ ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင်၊ NCA လမ်းကြောင်းနှင့်ပတ်သက်လျှင် တပ်မတော်အနေဖြင့် အမြဲတမ်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အနည်းစု၊ အများစုကိုကြည့်၍ ဆောင်ရွက်ရကြောင်း၊ ၁၀ ဖွဲ့ရှိသည့်အထဲတွင် NCA လက်မှတ်ရေးထိုးပြီးလာမဆွေးနွေးသည်မှာ သုံးဖွဲ့သာရှိကြောင်း၊ ယင်းသုံးဖွဲ့အနေဖြင့်လည်း ဆက်ဆံရေးလုပ်နေသည်များ ရှိကြောင်း၊ တစ်ဖက်ကလည်းယခုကဲ့သို့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရကြောင်း၊ တစ်ဖက်ကလည်း မိမိတို့အနေဖြင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ထိခိုက်မည်ဆိုပါက လုံခြုံရေးအရဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ဆောင်ရွက်ရမည့် လုံခြုံရေးလုပ်ငန်းများ၊ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

**"မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒုတိယအချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုမူတည်ပြီး သွားနေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ထပ်မံပြောကြားလိုသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ် မကြာခဏပြောသကဲ့သို့ ငြိမ်းချမ်းရေးလိုလားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ EAOs များအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲတမ်းတွေ့ဆုံဆွေးနွေးရန်အတွက် တံခါးဖွင့်ထားကြောင်း၊ အမြဲတမ်းတွေ့ဆုံဆွေးနွေးရန်အတွက် ကြိုဆိုလျက်ရှိ"**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီး၍ ဌာနဆိုင်ရာများပါဝင်သည့် စစ်ကြောင်းကြီးငါးကြောင်းဖြင့် ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်ဦးစီး၍ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ စစ်ကြောင်းကြီးငါးကြောင်းသည် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် ခရီးစဉ်တွင် လိုက်ပါလာကြသည့် စစ်ကြောင်းကြီး ငါးကြောင်းတွင်ပါဝင်သော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂမုန်းတောင်ရွာဦးကျောင်း၌ တွေ့ဆုံ၍ စစ်ကြောင်းကြီး ငါးကြောင်းတွင် ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် အခြေအနေများ၊ မဲပေါက်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများကို စားသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စခန်းအား ပေးစက်ရုံသို့ သွားရောက်၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအခြေအနေ၊ ရေသိုလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် စစ်ကြောင်းကြီး ငါးကြောင်းတွင် လိုက်ပါလာသည့် နေပြည်တော်ကောင်စီဝင် ဦးကျော်သိန်းဆိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများနှင့် ကလေးကစားစရာများကို ပျဉ်းမနားမြို့နယ် ဂမုန်းတောင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် KG တန်းမှ ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ စားသောက်ကုန်ပစ္စည်းများကို Grade-1 မှ Grade 10 အထိ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ပေးအပ်ကြပြီး ဆရာ ဆရာမများက အတန်းအလိုက် ကျောင်းသား ကျောင်းသူများအား ကျောင်းသင်ခန်းစာများ သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးကျော်သိန်းဆိုင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ်ဦးစီးရုံးမှ တာဝန်ရှိသူများနှင့်အတူ ဂမုန်းတောင်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ တို့ကို ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် စစ်ကြောင်းကြီးငါးကြောင်းတွင် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဂမုန်းတောင်ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

သတင်းစဉ်

## ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ



ကလိန်အောင် ဩဂုတ် ၂၈

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ဝန်ထမ်း မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများအား အီလက်ထရွန်နစ်စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းကို ယနေ့နံနက် ၁၀ နာရီက နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရေဖြူမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမျိုးမြင့်ဦးဆောင်သော အဖွဲ့က ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ မိသားစုဝင်များ၊ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို ကောက်ယူပြီး Database အတွင်းသို့ ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်(ပုံစံ-၁) ဖြင့် မျက်လုံး၊ မျက်နှာ၊ လက်ဗွေ စသည်တို့ကို Screen ဖတ်ပြီး Biometric Data များစာရင်းကောက်ယူ ပြီးစီးသည့်လူတစ်ဦးချင်းစီအား QR Code ပါပြီး ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်စာရွက်ကို ပြန်လည်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ခင်ခင်လှဲ့(ပြန်/ဆက်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှမ်း နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ် (၄/၂၀၂၃) ကျောင်းအခြေပြုသင်တန်းအား ၄-၉-၂၀၂၃ ရက်နေ့မှ ၁၃-၁၀-၂၀၂၃ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉ ၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှမ်း)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှမ်းမြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**




## ကျိုက်မရောမြို့ လူထုအခြေပြုဗဟိုဌာန၌ မြေစာအမှတ်တံဆိပ်အခွန်အကြောင်း ပညာပေးဆွေးနွေး

ကျိုက်မရော ဩဂုတ် ၂၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ရုံးတို့ ပူးပေါင်း၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ လူထု အခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက မြေစာအမှတ်တံဆိပ်အခွန် အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ချိုမြတ်မြတ်ထွေးက ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်ကိုရှင်းလင်းပြီး ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးအရာရှိဒေါ်ကြည်ကြည်ဟန်က အခွန်ပေးဆောင်ရခြင်း၏ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန ၏ ကျင့်သုံးနေသောဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ မြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန် ပျက်ကွက်မှုကို ဒဏ်ငွေတပ်ရိုက်ခြင်း၊ ပျက်ကွက်မှုကို တိုင်ကြားခြင်းစသည့်အကြောင်းအရာများကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# နိုင်ငံအတွင်းကြုံတွေ့နေရသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ဖြေရှင်းနိုင်ရေး လာအိုအစိုးရကြိုးပမ်းဆောင်ရွက်

ဗီယင်ကျန်း ဩဂုတ် ၂၈

လာအိုအစိုးရသည် အစိုးရအဖွဲ့အစည်းအဝေး၌ နိုင်ငံအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရန်အတွက် အစွမ်းထက်ထိရောက်သည့် နည်းလမ်းများကို ရှာဖွေခဲ့ကြောင်း ဒေသန္တရမီဒီယာများက သတင်းဖော်ပြသည်။

အခွန်ကောက်ခံမှုတိုးမြှင့်ရေး၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲရေး၊ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်လာစေရေးအတွက် စီးပွားရေးလုပ်ငန်းများကို သင့်လျော်သည့်ဘဏ္ဍာငွေ ထောက်ပံ့ရေးစသည့် ကိစ္စရပ်များကို ၎င်းအစည်းအဝေးအတွင်း အဓိကခေါင်းစဉ်များအဖြစ် ဆွေးနွေးခဲ့ကြောင်း Laopattana သတင်းဝက်ဘ်ဆိုက်မှ သိရသည်။

သတ္တုတွင်းများ၏ အရည်အသွေးကို တိကျစွာစစ်ဆေးပြီး သတ္တုတွင်းထွက်များမှ နိုင်ငံဝင်ငွေတိုးပွားစေရေးနှင့် သတ္တုတွင်းထွက်များကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်၊ လာအို ခရီးသွားနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား အများအပြား လာရောက်စေရေးအတွက် အခြေခံအဆောက်အအုံများ၊ ခရီးသွားနေရာများ၊ တည်းခိုနေထိုင်ရေး၊ ခရီးသွားလုပ်ငန်းများ မြင့်တင်ရေးနှင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို တွန်းအားပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား ဝန်ကြီးချုပ်ဆိုနီဆေးဆီဖန်ဒုန်းက ညွှန်ကြားခဲ့သည်။

လာအိုအစိုးရသည် လာအိုခရီးသွားနှစ်အတွင်း နိုင်ငံခြားခရီးသွား ၂ ဒသမ ၇ သန်းကို ဆွဲဆောင်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၀ သန်းရရှိရန် ရည်မှန်းထားသည်။

နိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းများမှ ဘဏ္ဍာငွေရရှိမှုပိုမိုလွယ်ကူစေရန်နှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေးအခြေအနေများ ဖန်တီးရန် လာအိုနိုင်ငံ ဗဟိုဘဏ်အား အစိုးရအဖွဲ့က ညွှန်ကြားခဲ့သည်ဟု သိရသည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေးကိုမြှင့်တင်ရန်နှင့် ဒေသအဆင့် စီးပွားရေးလုပ်ငန်းများသို့ ငွေကြေးထောက်ပံ့ရန် ရည်ရွယ်သည့် ချေးငွေမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှုအခြေအနေကို တာဝန်ရှိသူများက ပြန်လည်သုံးသပ်ခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



# အိန္ဒိယလဆင်းယာဉ် ချန်ဒရာရန်-၃ လ၏တောင်ဝင်ရိုးစွန်းမျက်နှာပြင်ရှိ အပူချိန်ဆိုင်ရာအချက်အလက်များကို ကမ္ဘာမြေပြင်သို့ ပြန်လည်ပေးပို့

နယူးဒေလီ ဩဂုတ် ၂၈

အိန္ဒိယလဆင်းယာဉ် ချန်ဒရာရန်-၃ သည် လ၏တောင်ဝင်ရိုးစွန်း မျက်နှာပြင်ရှိ အပူချိန်ဆိုင်ရာအချက်အလက်များကိုရယူပြီး ကမ္ဘာမြေပြင်သို့ ပြန်လည်ပေးပို့ခဲ့ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်းက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

Chandra's Surface Thermophysical Experiment ဟု ခေါ်သောလဆင်းယာဉ်တွင် တပ်ဆင်ထားသည့် ကိရိယာမှ တစ်ဆင့် တောင်ဝင်ရိုးစွန်းတစ်ဝိုက်ရှိ လ၏အပေါ်ယံမြေဆီလွှာ၏ အပူချိန်ကို တိုင်းတာပေးကြောင်း သိရသည်။ Chandra သည် ဟိန္ဒူဘာသာအရ လဟု အဓိပ္ပာယ်ရသည်။

၎င်းကိရိယာသည် လ၏မျက်နှာပြင်အောက်အနက် ၁၀ စင်တီမီတာရှိအပူချိန်ကို တိကျစွာထိုးဖောက်တိုင်းတာနိုင်ပြီး ၎င်းတွင် အပူချိန်အာရုံခံကိရိယာ ၁၀ ခု တပ်ဆင်ထားကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်းက ဆိုရှယ်မီဒီယာ အိပ်စ်(တွစ်တာ)တွင် ထပ်လောင်းပြောကြားသည်။

ယခု ဆောင်ရွက်ချက်သည် လ၏တောင်ဝင်ရိုးစွန်းမှ အပူချိန်ကို ပထမဆုံးအကြိမ် ပေးပို့ခဲ့ခြင်းဖြစ်ပြီး ယင်းကဲ့သို့ ပေးပို့ရာတွင် လမျက်နှာပြင်၏ အပူချိန်အဆင့်ဆင့်ပြောင်းလဲမှုကို ဂရပ်များဖြင့် ဖော်ပြထားသည်။

ချန်ဒရာရန်-၃ လဆင်းယာဉ်သည် ဩဂုတ် ၂၃ ရက်တွင် လ၏တောင်ဝင်ရိုးစွန်း၌ အောင်မြင်စွာ ရောက်ရှိခဲ့ပြီးနောက် ယခုကဲ့သို့လမျက်နှာပြင်မှ အပူချိန်ဆိုင်ရာအချက်အလက်များကို ပေးပို့ခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ




# အာရှ-ပစိဖိတ်စက်ရုပ်ပြိုင်ပွဲ ကမ္ဘောဒီးယား၌ ကျင်းပ

ဖနောင်ပင် ဩဂုတ် ၂၈

အာရှ-ပစိဖိတ် အသံလွှင့်သမဂ္ဂက ကြီးမှူးကျင်းပသည့် အာရှ-ပစိဖိတ်စက်ရုပ်ပြိုင်ပွဲ ၂၀၂၃ Asia-Pacific Robot Contest 2023 (ABU Robocon) ကို ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ် ၂၇ ရက်တွင် ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ တက္ကသိုလ်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့တော် ဖနောင်ပင်ရှိ Morodok Techo အမျိုးသားအားကစားကွင်း၌ ကျင်းပသည့် အဆိုပါပြိုင်ပွဲကို ကမ္ဘောဒီးယား၊ တရုတ်၊ အီဂျစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသားလူငယ်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယခုကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲသည် နိုင်ငံအသီးသီးရှိတက္ကသိုလ်ကျောင်းသားများအား ၎င်းတို့၏ နည်းပညာဆိုင်ရာစွမ်းရည်များကို သရုပ်ပြရန်၊ အတွေ့အကြုံများ မျှဝေရန်နှင့် နိုင်ငံအလိုက် ယဉ်ကျေးမှုလေ့ရှုများ၊ ကွဲပြားမှုများကို ပြသရန် အခွင့်အလမ်းပင်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး နက်ဖိထရာက ပြောကြားခဲ့သည်။

ယခု ပြိုင်ပွဲသည် ကမ္ဘောဒီးယားနိုင်ငံက ပထမဆုံး အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ၎င်းပြိုင်ပွဲဖြင့် ကမ္ဘောဒီးယား၏ စက်ရုပ်နည်းပညာ တိုးတက်မှုကို ကမ္ဘာကို ပြသခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ယခုပြိုင်ပွဲ ကျင်းပခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း စက်ရုပ်ဆိုင်ရာ နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များရှိကြောင်းနှင့် တစ်ဆက်တည်းမှာပင် နိုင်ငံ၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ကမ္ဘာသို့ပြသနိုင်ရန် အခွင့်အရေးများရရှိခဲ့ကြောင်း ကမ္ဘောဒီးယားအမျိုးသားရုပ်မြင်သံကြားဌာန၏ အာရှ-ပစိဖိတ် စက်ရုပ်ပြိုင်ပွဲ ကျင်းပရေး ညွှန်ကြားရေးမှူး ပန်ချန်နန်က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

# တရုတ်နိုင်ငံအလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၃၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

ချန်ရှား ဩဂုတ် ၂၈

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်၏ ဒေသအများစုတွင် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် လူပေါင်း ၃၀၀၀ ကျော်အား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ်ရေကြီးမှုနှင့် မိုးခေါင်မှု ထိန်းချုပ်ရေးဌာနချုပ်၏ ပြောကြားချက်အရ သိရသည်။

ဩဂုတ် ၂၇ ရက်မှစတင်ကာ ဟူနန်ပြည်နယ် အနောက်မြောက်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်နယ်၏အနောက်မြောက်ပိုင်းရှိ ဆန်းရှီ၊ ရှီမန်၊ ယွန်ရွှန်း စသည့် ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



တရုတ်နိုင်ငံ မိုးလေဝသခန့်မှန်းသူများကလည်း လာမည့်နှစ်ရက်တာကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ပြည်နယ်အများစုအား သတိပေးချက်ထုတ်ပြန်ထားသည်။

ဆန်းရှီမြို့၌ ယင်းသို့ရေကြီးမှုဖြစ်ပေါ်ခဲ့ခြင်းသည် ၁၉၉၈ ခုနှစ် နောက်ပိုင်း အကြီးမားဆုံးသော ရေကြီးမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက ပြောကြားသည်။

ကိုးကား - စီအင်န်အေ

ဘာသာပြန် - အလင်းသစ်

# ဆောင်းဦးရာသီအားလပ်ရက်အတွင်း ဂျပန်နိုင်ငံသို့လာရောက်မည့် တရုတ်နိုင်ငံခရီးသွားအရေအတွက် လျော့ကျလာဖွယ်ရှိ

တိုကျို ဩဂုတ် ၂၈

ဂျပန်နိုင်ငံက ဖုကုရှီးမားဒိုင်အိချီနျူကလီးယားစက်ရုံမှ သန့်စင်ပြီးရေများ ပင်လယ်အတွင်းသို့ စွန့်ထုတ်ခဲ့ပြီးနောက် ဆောင်းဦးရာသီအားလပ်ရက်အတွင်း ဂျပန်နိုင်ငံသို့ လာရောက်မည့် တရုတ်နိုင်ငံခရီးသွား အရေအတွက်သည် လျော့ကျလာဖွယ်ရှိကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဖုကုရှီးမားဒိုင်အိချီ နျူကလီးယားစက်ရုံမှ စက်ရုံစီမံခန့်ခွဲသူများသည် စက်ရုံမှထွက်ရှိသည့် သန့်စင်ပြီး ရေများကို ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်မှုကို ဩဂုတ် ၂၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ စွန့်ပစ်မှုကို တရုတ်နိုင်ငံက ကန့်ကွက်ခဲ့ပြီး စွန့်ပစ်မှုကို တုံ့ပြန်သောအားဖြင့် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုကို လုံးဝတားမြစ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမီဒီယာများက ဖုကုရှီးမားဒိုင်အိချီ နျူကလီးယားစက်ရုံမှ စွန့်ပစ်သည့်သန့်စင်ပြီး ရေများကို နျူကလီးယားညစ်ညမ်းရေများအဖြစ် သုံးနှုန်းခဲ့ကြောင်းလည်း သိရသည်။

ဂျပန်နိုင်ငံက နျူကလီးယားစက်ရုံမှ ထွက်ရှိသည့် သန့်စင်ပြီးရေများကို စွန့်ထုတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်ဖျက်သိမ်းမှု အရေအတွက် မြင့်တက်လာခဲ့ကြောင်း ဂျပန်နိုင်ငံသို့ ခရီးသည်များ ပို့ဆောင်ပေးလျက်ရှိသည့် တရုတ်ခရီးသွားအေဂျင်စီတစ်ခုက ပြောကြားသည်။

ခရီးသွားအေဂျင်စီတချို့သည်လည်း စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၆ ရက်အထိဖြစ်သော တရုတ်နိုင်ငံ၏ ဆောင်းဦးရာသီအားလပ်ရက်မတိုင်မီ ဂျပန်နိုင်ငံသို့သွားရောက်မည့် ခရီးသွားများ၏ လျှောက်လွှာသစ်များလက်ခံခြင်းကို ရပ်ဆိုင်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဂျပန်နိုင်ငံသို့ ခရီးသွားလာခြင်းကို သုံးနှစ်ခွဲခန့်ကြာ ကန့်သတ်ထားပြီးနောက် ယခုလအစောပိုင်းတွင် ပြန်လည်ဖြေလျှော့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အလင်းသစ်

# ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီက စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ် (၃) ဖွင့်လှစ်



ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် စာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ လှိုင်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်က စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးဆန်းဝင်းက စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ် (၃) ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက် ၁၂၀ အတွက် စာအုပ်၊ စာစောင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ၄၅ တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ စာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ် (၃) ကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တာဖွင့်လှစ်၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၉)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကိုယနေ့ နံနက် ၈ နာရီတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) တာဝန်ခံ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းသားများသည် နောင်တစ်ချိန် နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ရန် အလားအလာကောင်းရှိသူများဖြစ်ပြီး စိတ်ဓာတ်မြင့်မား၍ အမြော်အမြင်ရှိသော ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်များကို ထမ်းဆောင်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၉)သို့ သင်တန်းသား ၄၉ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၉၇ ဦးသည် မေ ၂ ရက်မှ ဩဂုတ် ၁၈ ရက်အထိ Distance Learning ဖြင့် တက်ရောက်ခဲ့ပြီး ဩဂုတ် ၂၈ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ In–House Learning ဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်သည် သင်တန်းများ၌ သင်ခန်းစာပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းအလိုက် သင်တန်းသား သင်တန်းသူများကို လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တက္ကသိုလ်၏ စိုက်ခင်းများကို သွားရောက်ကြည့်ရှုကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းနှင့် အဆင့်မြင့်အရာထမ်း သင်တန်းများမှ သင်တန်းသား သင်တန်းသူများနှင့် အတူ သင်တန်းစားရိပ်သာ၌ နေ့လယ်စာ အတူတကွ စားသုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားရေးရာဆိုင်ရာ ဥပဒေများ အသိပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၈

အလုပ်သမား ဝန်ကြီးဌာန အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီတို့ ပူးပေါင်းပြီး အလုပ်သမားရေးရာဆိုင်ရာ ဥပဒေများအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

ရှင်းလင်းဆွေးနွေးပွဲသို့ အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန အောက်ရှိ တိုင်းဒေသကြီး တာဝန်ခံအရာရှိများ၊ မြို့နယ်တာဝန်ခံအရာရှိများ၊ စက်ရုံအလုပ်ရုံများမှ ပိုင်ရှင်၊ မန်နေဂျာများနှင့် အလုပ်သမားများ၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုက အလုပ်သမားဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနအဖွဲ့များ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်မှု အခြေအနေများ၊ အလုပ်သမားရေးရာ ဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမား ဆက်ဆံရေးဦးစီးဌာနများမှ ရန်ကုန်တိုင်း ဦးစီးမှူးများက အလုပ်ရှင်၊ အလုပ်သမားများ သိရှိလိုက်နာရမည့် အလုပ်သမားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက်ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် သာခုကန်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများနှင့် ဝါးတစ်ရာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ommar Than” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာ (ဃ)ရပ်ကွက်နေ ဥမ္မာသန်းအား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ “bobocobar 12” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်ကျေးရွာနေ ဘိုဘိုဇော်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့တော်စီမံလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ရန်ကုန်မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၂)ရပ်ကွက်ရှိ လှိုင်သာယာပန်းခြံ၌ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီး ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်နေသည့် စီမံကိန်းနှင့် အရန်ဆန်များ ကြိတ်ခွဲနေသည့် ဆန်စက်ရုံ လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်ခရိုင်ရုံး၊ စက်မှုဇုန်များ တာဝန်ခံရုံးနှင့် အောင်ဇေယျဝန်ထမ်းအိမ်ရာဝင်း သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အိမ်ရာဝင်းအတွင်း အုန်းချိုမွှေးပင်များ စိုက်ပျိုးရန်နှင့် ကြက်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ရန်ကုန်မြို့တော် ဂေါက်ကွင်းနှင့် ရန်ကုန်-ပြည် လမ်းမပေါ်ရှိ နံ့သာမြိုင်ပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆောင်ရွက်ရန် မှာကြားသည်။

နံနက် ၁၀ နာရီခွဲတွင် မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့တော်ခန်းမ၌ ယနေ့ စတင်ဖွင့်လှစ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသက်သာအရောင်းဆိုင်၌ ဝန်ထမ်းများ ဝယ်ယူအားပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ရောင်းချပေးလျက်ရှိ**

အဆိုပါ ဝန်ထမ်းသက်သာအရောင်းဆိုင်တွင် ဆန် ငါးပြည်အိတ်တစ်အိတ်လျှင် ငွေကျပ် ၁၆၂၅၀၊ စားအုန်းဆီတစ်လီတာလျှင် ငွေကျပ် ၄၆၀၀၊ ကြက်ဥတစ်လုံးလျှင် ၂၂၅ ကျပ်၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၃၂၀၊ ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၈၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ နှုန်းဖြင့် စုစုပေါင်း အမျိုးအစား ၆၇ မျိုးကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ အဆင်ပြေစေရန် ဝန်ထမ်းသက်သာ အရောင်းဆိုင်ကို ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မြိတ်တက္ကသိုလ်တွင် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

မြိတ် ဩဂုတ် ၂၈

တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် မြိတ်တက္ကသိုလ် တိုင်းရင်းသား ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

တွေ့ဆုံရာတွင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ စာပေနှင့် အနုပညာများ ထိန်းသိမ်းမြှင့်တင်နိုင်ရန် အစဉ်အမြဲအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ရေး အကသင်တန်း၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ထောက်ပံ့မှုများအပြင် ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဖိုရမ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

**စကားဝိုင်းဆွေးနွေး**

ထို့နောက် မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက ဝမ်းမြောက်စကားပြောကြားသည်။ ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရာ "တိုင်းရင်းသားအရေး တက္ကသိုလ်အခြေပြုဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က Moderator အဖြစ်ဆောင်ရွက်၍ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပါမောက္ခချုပ်၊ ဒဿနိကဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာ စောလားကပေါ်၊ ဥပဒေပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာ လှလှဌေးတို့က ဦးဆောင်၍ တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ အကြောင်းအရာများနှင့် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသား ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## မင်းလှ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

မင်းလှ ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ဘုရားကြီးဓမ္မာရုံ၌ ယမန်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်-၂ ဖြင့် ဆောင်ရွက်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။




ဦးစွာနိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားတွင် စစ်ကွင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကြည်သာက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်ကိုလတ်က ပန်းခင်းစီမံချက်-၂ ဖြင့် ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ၏ အသုံးဝင်ပုံ၊ ပြုလုပ်ပုံအဆင့်ဆင့်နှင့် ကတ်ပြားများကို မပျောက်ပျက်အောင်ထိန်းသိမ်းကြရန် ပြောကြားကာ စစ်ကွင်းမြို့ ရပ်ကွက်များအတွင်းမှ နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်ခဲ့သည့် ဒေသခံပြည်သူ ၆၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ယူကြသူများကို ဇီဝဆိုင်ရာအချက်အလက်ကောက်ယူစိစစ်ခြင်းနှင့် Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို စစ်ကွင်းမြို့ အုပ်ချုပ်ရေးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၀ | ၂၄၄၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၁၅ |
| 95 Ron | ၂၄၂၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၄၇၀ | ၂၄၉၅ | ၂၄၈၀ | ၂၄၆၀ | ၂၅၅၅ | ၂၅၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၅ | ၂၇၄၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၈၅ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၀ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၀ | ၂၉၁၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၀ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၀ | ၂၉၁၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၅ | ၂၂၇၂ |
| 95 Ron | ၂၃၀၉ | ၂၃၈၉ |
| HSD (500 ppm) | ၂၃၉၈ | ၂၄၇၅ |
| HSD (50 ppm) | ၂၄၇၂ | ၂၅၅၀ |
| HSD (10 ppm) | ၂၄၇၂ | ၂၅၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၃၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၇-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၈-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၄၃၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

# ဘားအံမြို့၌ (၄၄)ကြိမ်မြောက် ကရင်ရိုးရာချည်ဖြုဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော် ကျင်းပ



ဘားအံ ဩဂုတ် ၂၈

(၄၄)ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လချည်ဖြုဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး)ပွဲတော်ကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ စုပေါင်းဆင်ယင်ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ သဘာပတိအဖွဲ့ဝင်များက စင်မြင့်ထက်တွင် နေရာယူကြပြီး သဘာပတိ ဦးစောကြည်လင်းက ချည်ဖြုဖွဲ့မင်္ဂလာနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဝါခေါင်လရောက်တိုင်း လက်ကောက်ဝတ်တွင် ချည်ဖြုဖွဲ့ထုံးချည်နှောင်သည့် ဓလေ့သည် မိသားစုများစည်းစည်းရုံးရုံးနှင့် ပြန်လည်တွေ့ဆုံခြင်း၊ လက်ရည်တစ်ပြင်တည်းဖြစ်ခြင်း၊ လူကြီးနှင့်လူငယ်ကြား နွေးနွေးထွေးထွေး ဆွေးနွေးတိုင်ပင်ကြခြင်းဖြင့် စည်းလုံးညီညွတ်မှုနှင့် ချစ်ခင်ရင်းနှီးမှုများ တိုးပွားရရှိစေကြောင်း၊ ကျန်းမာခြင်းလာဘ်လာဘများနှင့် ကောင်းခြင်းဟူသမျှ ခန္ဓာကိုယ်အတွင်း ဝင်ရောက်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြုဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်ကျင်းပရေးကော်မတီထံ ငွေကျပ်သိန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ကာ ပွဲတော်ကျင်းပရေးကော်မတီက (၄၄)ကြိမ်မြောက် ကရင်ရိုးရာချည်ဖြုဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော် ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပွဲတော်ကိုဦးဆောင်ကျင်းပမည့် အကြီးအမှူးနှင့် အရန်နှစ်ဦး၊ ချည်ဖြုဖွဲ့ပေးမည့် အဘိုးနှင့် အဘွားများက မြေးငယ်များခြံရံလျက် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ပွဲတော်အကြီးအမှူးက မကောင်းသော စိတ်ဝိညာဉ်ဆိုးများ လူတိုင်း၏ခန္ဓာကိုယ်မှ ဖယ်ခွာစွန့်ထုတ်သွားစေရန် ကရင်ဘာသာဖြင့် ရွတ်ဆိုမောင်းထုတ်၍ လူတိုင်း၏ခန္ဓာကိုယ်အား အစဉ်အမြဲစောင့်ရှောက်ပေးသည့် ဝိညာဉ်လိပ်ပြာကောင်းများ အသီးသီး ပြန်လည်ဝင်ရောက်လာစေရန် ကရင်ဘာသာဖြင့် ရွတ်ဆိုခေါ်ယူသည်။

ချည်ဖြုဖွဲ့ရာတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြု သန့်စင်သောရေ၊ ကြံပိုင်းစသည့် ပစ္စည်း ခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ ဂုဏ်သတ္တိများအလိုက် ကရင်တိုင်းရင်းသားတို့အား စုပေါင်းညီညွတ်စွာ နေထိုင်စေလိုသည့် အဓိပ္ပာယ်များပါဝင်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ကရင်ရိုးရာ ချည်ဖြုဖွဲ့မင်္ဂလာအခမ်းအနားများကို ဝါခေါင်လတစ်လလုံး နေရာဒေသအနှံ့အပြားတွင် ကျင်းပလေ့ရှိကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ ကျောဖုံးမှ

လူနာ ၂၂ ဦး၊ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံတွင် လူနာ ၇၂ ဦးတို့ကို ခွဲစိတ်ပေးခဲ့သည်။

ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ နှုတ်ခမ်းကွဲလူနာ ၆၃ ဦးနှင့် အာခေါင်ကွဲလူနာ ၃၈ ဦးကို လည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီလမှ ဩဂုတ်လအထိ နှုတ်ခမ်းကွဲလူနာ ကိုးဦးနှင့် အာခေါင်ကွဲလူနာ လေးဦးကိုလည်းကောင်း၊ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီလမှ ဩဂုတ်လအထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၈၂ ဦးကို ခွဲစိတ်ပေးခဲ့ကြောင်းနှင့် မကြာမီ လှိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီးနှင့် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးတို့တွင် ခွဲစိတ်ကုသမှုဆောင်ရွက်ရန် တိုးချဲ့စီစဉ်လျက်ရှိသဖြင့် ခွဲစိတ်ကုသမှုဆောင်ရွက်လိုသူများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့အပြင် အထက်ဖော်ပြပါ ပြည်သူ့ဆေးရုံကြီးများရှိ သွားနှင့် ခံတွင်းပြင်ပလူနာဌာနများသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲကျင်းပ

လားရှိုး ဩဂုတ် ၂၈

လားရှိုးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်း ဖန်တီးရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်း အဖြစ်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်မော်က သင်တန်းဖွင့်လှစ်မှုနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းသုံး လက်သုံးကိရိယာများကို ပေးအပ်ရာ သင်တန်းဆရာတစ်ဦးက လက်ခံရယူသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ လားရှိုးမြို့နယ်မှ ဒေသခံ ၁၂ ဦး တက်ရောက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❍ ဘိုင်ယန်မြူးနစ်အသင်းမှ

အသင်းကို သုံးဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပြီး ပွဲကစားချိန် ၈၆ မိနစ်မှာ အော့စ်ဘတ်အသင်းက ဘယ်လ်ဂျိုရဲ့ သွင်းဂိုးကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြသောမက်တူချယ်ရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအများဆုံးနဲ့ အော့စ်ဘတ်အသင်းကို လွှမ်းမိုးထားနိုင်ခဲ့ပြီး အခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ ဘွန်ဒက်လီဂါပွဲစဉ် ပထမနှစ်ပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံး အင်္ဂလန်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်လီဂါပွဲစဉ်(၂)အပြီးမှာ နှစ်ပွဲစလုံးအနိုင်ရရှိခဲ့ပေမယ့် ဂိုးကွာခြားချက်ကြောင့် အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ရပ်တည်နေပြီး ယူနီယံဘာလင်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိနေတာဖြစ်ပါတယ်။ **ငွေကြယ်**

❒ မြန်မာယူ-၁၂ မှ

မြန်မာ ယူ-၁၂ အသင်းသည် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားရာ သုံးပွဲစလုံး ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၂ အသင်းသည် Saitama City North FC အသင်းကို လေးဂိုး-ဂိုးမရှိ၊ Una Primavera Football Club အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ Niiza Katayama FC အသင်းကို လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၂ အသင်းသည် U-12 Junior World Challenge 2023 ပြိုင်ပွဲ ယှဉ်ပြိုင်သည့်အပြင် ကစားသမားများ အတွေ့အကြုံရရှိစေရန် ဂျပန်နိုင်ငံမှ လူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၁၂ အသင်းသည် U-12 Junior World Challenge 2023 ပြိုင်ပွဲ ယှဉ်ပြိုင်ရာ အဆင့် (၂၆)နေရာ ရရှိခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**



# မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ၌ ကျေးရွာကုန်ထုတ် ကွန်ကရစ်လမ်းဖွင့်လှစ်

မော်လမြိုင် ဩဂုတ် ၂၈

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနကကြီးကြပ်၍ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေဖြင့်ဆောင်ရွက်ခဲ့သည့် ကျေးရွာကုန်ထုတ်ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ မော်လမြိုင်ခရိုင်ဦးစီးမှူး ဦးလှမင်းဇော်နှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံများတက်ရောက်ခဲ့ပြီး ကျေးရွာကုန်ထုတ်ကွန်ကရစ်လမ်း (ပေ ၃၅၀ x ၁၀ ပေ x ၆ လက်မ)ကို မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေကျပ် ၇၅ သိန်းဖြင့် ထည့်ဝင်ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပီလောပီနံစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများသို့ ထုတ်ချေးငွေများ ပေးအပ်

ကျုံပျော် ဩဂုတ် ၂၈

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပီလောပီနံစိုက်ပျိုးရေး သမဝါယမအသင်းများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာ ဧရာဖြိုးပီလောပီနံစိုက်ပျိုးရေး သမဝါယမအသင်းရှိ အသင်းသား ၄၅ ဦး၏ ဧက ၉၀ အတွက် ထုတ်ချေးငွေကျပ် ၁၈ သန်းနှင့် အင်းရဲကျေးရွာ သုခချမ်းသာပီလောပီနံစိုက်ပျိုးရေး သမဝါယမအသင်းရှိ အသင်းသား ၁၁၅ ဦး၏ ဧက ၁၇၀ အတွက် ထုတ်ချေးငွေကျပ် ၃၄ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မောင်တော ဩဂုတ် ၂၈**

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လ လျာထားချက်မှာ ပို့ကုန် ၁ ဒသမ ၅၀၀ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၃၀ အမေရိကန်ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၁ ဒသမ ၅၃၀ အမေရိကန်ဒေါ်လာသန်း ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၇ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁ ဒသမ ၈၀၄ အမေရိကန်ဒေါ်လာသန်းဖြစ်ရာ စုစုပေါင်းကုန်သွယ်မှုပမာဏ ၁ ဒသမ ၈၀၄ အမေရိကန် ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၁၁၇ ဒသမ ၉၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့သည်။

**အဓိကတင်ပို့လျက်ရှိ**

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၇ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း(အစို) ၁၃၀၁ ဒသမ ၅ တန်၊ တညင်းသီး ၁၂၄ ဒသမ ၅ တန်၊ နနွင်းတက် ငါးတန်၊ ကွမ်းသီး ၆၆ တန်၊ ထန်းလျက် လေးတန်၊ ငါးမြစ်ချင်း ၇၆၇ ဒသမ ၆၆ တန်၊ ငါးနီတူခြောက် ၈ တန်၊ ငါးကုန်းညိုခြောက် ၁၅ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် တန် ၁၃၀၊ ငါးခေါင်းပွ ၃၂ ဒသမ ၄၈ တန်၊ ဆီးယိုထုပ် ၂၀ ဒသမ ၅ တန်၊ ဆန်ကြာဆံ တစ်တန်၊ ထွန်းရှွေဝါ လိမ်းဆေး ခြောက်တန်၊ သနပ်ခါးခဲ ၆ ဒသမ ၅ တန်၊ မုန့်ဖတ်ခြောက် ၂ ဒသမ ၅ တန်နှင့် အမျိုးသမီးဝတ်အကျီ သုည ဒသမ ၁ တန် တင်ပို့ခဲ့သည်။



၂၀၂၃ ခုနှစ် ဩဂုတ် ၂၇ ရက် ၁၁ နာရီ အချိန် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၃၅၆၅ ကျပ် ၁၁၈ ဒသမ ၁၀ တာကာ၊ ၁၀၀ ကျပ်လျှင် လေးတာကာ၊ တစ်တာကာလျှင် ကျပ် ၃၀ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

# ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု

**ရွှေဘို ဩဂုတ် ၂၈**

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ်လစတုတ္ထပတ်တွင် စပါး၊ ဆန် ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန် စီးထွက်မှုအနေဖြင့် ဩဂုတ်လတတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၅၀၀၀ တန်အားဖြင့် ၂၇၅၀ တန် စီးထွက်ခဲ့ကြောင်း၊ ယခုအပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၅၇၀၀၀ တန်အားဖြင့် ၂၈၅၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၂၀၀၀ တန်အားဖြင့် ၁၀၀ တန် ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ်လစတုတ္ထပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ရေမာင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀ နှင့် ရွှေဝါထွန်း(နွေစပါး)တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**သတင်းအရင်းအမြစ် စီးပွား/ကူးသန်း**

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မြဝတီ ဩဂုတ် ၂၈**

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ဩဂုတ် ၁ ရက်မှ ၂၅ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၀ ဒသမ ၅၂၈ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၂၉ ဒသမ ၀၁၂ အမေရိကန်ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၃၉ ဒသမ ၅၄၀ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၁၂၀၅ တန်၊ ငရုတ်သီးစိမ်း(အစို) ၄၀၈ ဒသမ ၃၀၉ တန်၊ ချုပ်ပြီးအထည် ၁၃၆၉၁ ခု၊ ငရုတ်သီး(ခြောက်) ၂၁ ဒသမ ၇၂၀ တန်၊ ပြောင်း ၆၄ တန်၊ ရှားစောင်းပင်ခြောက် ရှစ်တန်၊ ကြာဝတ်ဆံခြောက် သုံးတန်နှင့် အခြားရေထွက်ပစ္စည်း ၁ ဒသမ ၈၀ တန်တို့ ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆပ်ပြာ၊ သံနှင့် သံမဏိပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ၊ ချည်ထည်များ၊ ကွန်ပျူတာ၊ ကွန်ပျူတာနှင့်သက်ဆိုင်သောပစ္စည်းကိရိယာများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ စက်နှင့် စက်ပစ္စည်းများနှင့် အခြားစက္ကူများဖြစ်သည်။ ■

# ကရင်ပြည်နယ်ထွက် RSS 3 ရော်ဘာ ဈေးနှုန်းမြင့်တက်

**နေပြည်တော် ဩဂုတ် ၂၈**

၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကရင်ပြည်နယ်ဒေသထွက် RSS 3 ရော်ဘာ ဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင် ကျပ် ၁၅၀၀ မှ ကျပ် ၁၆၈၀ အထိ ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ပွင့်လင်းရာသီ ရော်ဘာအစေးခြစ်ရာသီချိန်အတွင်း ကရင်ပြည်နယ်ဒေသထွက် ရော်ဘာ RSS 3 အမျိုးအစား တစ်ပေါင်လျှင် ကျပ် ၁၂၁၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး မိုးဦးကျ အစေးခြစ်ကာလ ပြီးဆုံးချိန်တွင် တစ်ပေါင်လျှင် ကျပ် ၁၃၄၀ ဖြင့် ဈေးပိတ်ခဲ့ရာမှ တဖြည်းဖြည်း ဈေးနှုန်း မြင့်တက်လာခဲ့ပြီး ဩဂုတ်လတွင် ကျပ် ၁၅၀၀ မှ ကျပ် ၁၆၈၀ အထိ ဈေးနှုန်း မြင့်တက်လာကြောင်း၊ လက်ရှိအချိန်တွင် ကရင်ပြည်နယ်၌ RSS 3 နှင့် RSS 5 အမျိုးအစား နှစ်မျိုးမှာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး RSS 5 အမျိုးအစား တစ်ပေါင်လျှင် ကျပ် ၁၆၄၀ ဖြစ်ကြောင်း၊ ယခုမိုးကာလ၌ ကရင်ပြည်နယ်တွင် ရော်ဘာစိုက်တောင်သူ အများစုအနေဖြင့် ရော်ဘာအစေးခြစ်လုပ်ငန်းများ ရပ်နား၍ မြေပြုပြင်ခြင်း၊ ခြံရှင်း/ခြံခုတ်ခြင်းနှင့် မြေဩဇာကျွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ဆဲကာလဖြစ်ကြောင်းနှင့် ရော်ဘာဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် လာမည့် အစေးခြစ်ကာလတွင် လုပ်ငန်းရှင်များ ရော်ဘာလုပ်ငန်း လုပ်ကိုင်ကြခြင်းဖြင့် အကျိုးအမြတ်များ ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

## ၂၈-၈-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၀၀ | | ၁၆၀၀၀ | ၈၈၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၅၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၈၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၇၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၈၈၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၉၀၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၉၃၀၀ | ၄၄၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၀၀ | | ၁၄၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၃၆၀၀ | ၈၀၀၀ | ၈၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၈၀၀ | | ၁၄၅၀၀ | ၉၂၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၄၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၄၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၅၀ | ၈၅၀၀ | ၇၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၀၀၀ | | ၁၄၅၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၇၈၀၀ | ၂၅၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၈၇၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၆၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၈၅၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၉၅၀၀ | ၆၅၀၀ | ၃၁၀၀ | ၂၈၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၇၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၇၀၀ | ၈၇၀၀ | ၄၆၀၀ | ၅၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၇၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၇၀၀ | ၈၇၀၀ | ၅၀၀၀ | ၅၂၀၀ | ၄၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၅၂၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာနှင့် ပုသိမ်တွင် ၂၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လှိုင်ကော်တွင် ၅၀၀၀ကျပ်၊ မြိတ်နှင့် စစ်တွေတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ပုသိမ်၊ ကျိုင်းတုံနှင့် တောင်ကြီးတွင် ၃၀၀ကျပ်၊ စစ်တွေ၊ လှိုင်ကော်နှင့် ဘားအံတွင် ၅၀၀ကျပ်၊ ထားဝယ်တွင် ၂၀၀ကျပ်၊ မြိတ်တွင် ၄၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပျဉ်းမနားတွင် ၅၀၀ကျပ်၊ တောင်ကြီးတွင် ၇၀၀ကျပ်၊ မကွေးတွင် ၁၀၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီး၊ မြိတ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ မကွေးတွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ မကွေးတွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ မြိတ်နှင့် ပခုက္ကူတွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ ကလေးတွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူနှင့် ကလေးတွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပြည်တွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၂၂၀၀ကျပ်၊ မုံရွာတွင် ၁၂၀၀ကျပ်၊ မန္တလေးတွင် ၂၅၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ ၊ ပြည်တွင် ၂၇၀၀ကျပ်၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်နှင့် ပျဉ်းမနားတွင် ၁၀၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပြည်တွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ်၊ ပြည်တွင် ၈၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ ပြည်နှင့် နေပြည်တော်တွင် ၃၀၀ကျပ်၊ ပျဉ်းမနားတွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ်၊ ပုသိမ်တွင် ၂၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ၄၀၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၈-၈-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၃၆၆။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်သန်းသန်းစိန် မိသားစုကောင်းမှု | ၈၅၀၀၀၀ |
| ၅၃၆၇။ | စန္ဒီဘယဆေး မိသားစုကောင်းမှု | ၁၀၀၈၀၀၀ |
| ၅၃၆၈။ | ဦးထွန်းရွှေနှင့်ဇနီး ဒေါ်သင်းသင်းဆွေ မိသားစုကောင်းမှု(ထွန်းရွှေဝါတိုင်းရင်းဆေး) | ၁၀၀၈၀၀၀ |
| ၅၃၆၉။ | ကိုသီဟနိုင်ထွန်းနှင့်ဇနီး ဒေါ်ခင်သူလင်းမိသားစုကောင်းမှု | ၅၂၀၀၀၀ |
| ၅၃၇၀။ | ဒေါ်သန်းမြမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၁။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၂။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်မြမြအေးမိသားစုကောင်းမှု (ပန်းတနော်မြို့) | ၅၀၀၀၀၀ |
| ၅၃၇၃။ | ကွယ်လွန်သူ ဦးမြင့်ရွှေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၄။ | ဒေါ်ကြည်ကြည်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၅။ | ဦးမျိုးတင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၆။ | ဗိုလ်မှူးအောင်သူရဝင်းမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၅၃၇၇။ | ဦးအေးဟန်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ဆွေ မိသားစုကောင်းမှု | ၃၅၀၀၀၀ |
| ၅၃၇၈။ | ဦးထွန်းကြည်နှင့်ဇနီး ဒေါ်ဝိုင်းကြည် မိသားစုကောင်းမှု | ၃၃၀၀၀၀ |
| ၅၃၇၉။ | ဦးနာရဒကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၀။ | ဗိုလ်ကြီးမိုးဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၁။ | ရဲမှူးရဲမြင့်နှင့်ဇနီး ဒေါ်ကြူကြူသင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၂။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်ဝင်းကြည်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၃။ | ဦးအောင်သန်းထွဋ် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၄။ | ဦးမိုးဇော်နှင့်ဇနီး ဒေါ်သက်သက်လွင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၅။ | ဦးကျော်မြနှင့်ဇနီး ဒေါ်လှမြင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၆။ | ဦးမြင့်စိုးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၇။ | ဦးအေးမင်းစိုးနှင့်ဇနီး ဒေါ်ပပဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၈။ | ဦးအုန်းကြွယ်နှင့်ဇနီး ဒေါ်ခင်စန်းရီမိသားစုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၉။ | ဒေါ်မိမိချိုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၉၀။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်တင်ကြူကြူဆွေ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၉၁။ | ဦးမြတ်ထွန်းနှင့်ဇနီး ဒေါ်လှလှသင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၉၂။ | ဒေါ်ကျင်အေးမိသားစုကောင်းမှု | ၂၉၁၀၀၀ |
| ၅၃၉၃။ | ဒေါ်ခင်သန်းနွဲ့မိသားစုကောင်းမှု | ၂၅၂၀၀၀ |
| ၅၃၉၄။ | ဒေါ်ကျင်ပြုံး၊ ဒေါ်စန်းမြင့် မိသားစုများကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၅။ | ဦးလွင်ကြည်မောင်နှင့်ဇနီး ဒေါ်ခင်ညိုတင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၆။ | ဦးသီဟအောင်နှင့်ဇနီး ဒေါ်အိအိခင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၇။ | ဒေါ်ဝင်းဝင်းကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၈။ | ဦးမင်းဇင်နှင့်ဇနီး ဒေါ်ခင်စန်းရီ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၉။ | ဒေါ်နန်းချစ်နှင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၀။ | ဦးစိန်လွင်နှင့်ဇနီး ဒေါ်သီတာယုမွန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၁။ | ဦးမောင်မောင်ပြည့်စုံနှင့်ဇနီး ဒေါ်မွှေးမွှေးအိ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၂။ | ဒေါ်ခင်ငြိမ်းအေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၃။ | ဦးသိန်းဌေးနှင့်ဇနီး ဒေါ်ခင်စုကြည်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၄၀၄။ | ဦးဝင်းမြင့်ခိုင်မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၅၄၀၅။ | ဒေါက်တာစန်းစန်းအေးမိသားစုကောင်းမှု | ၁၁၅၀၀၀ |
| ၅၄၀၆။ | ဒုတိယဗိုလ်မှူးကြီးအောင်ဇင်နှင့်ဇနီး ဒေါက်တာဒေါ်ဝင်းမာကျော်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၀၇။ | ဦးစိုးနိုင်အောင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၀၈။ | ဒုတိယဗိုလ်မှူးကြီးသက်တင်အောင်နှင့်ဇနီး ဒေါ်နှင်းနှင်းအေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၀၉။ | ကွယ်လွန်သူ ဦးသိန်းအောင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၁၀။ | ဦးမောင်မောင်ဦးမိသားစုကောင်းမှု (ဂရိတ်ဝေါတိုင်းရင်းဆေး) | ၁၁၀၀၀၀ |
| ၅၄၁၁။ | မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း၊ အမှုထမ်းများ ကောင်းမှု | ၁၀၁၃၀၀ |
| ၅၄၁၂။ | ဒေါ်စန်းစန်းမြင့် မိသားစုကောင်းမှု | ၁၀၁၀၀၀ |
| ၅၄၁၃။ | Mr. Tian Haoran နှင့် Mr. Zhang Siyuan မိသားစုကောင်းမှု (တရုတ်နိုင်ငံ) | Yuan 500 |
| ၅၄၁၄။ | ဒေါ်ဝင်းမြင့်မြင့်ထွန်းမိသားစုကောင်းမှု | ၁၀၁၀၀၀ |
| ၅၄၁၅။ | ဦးကောဏ္ဍညကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၆။ | ဒေါ်ခင်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၇။ | ဒေါ်သန်းသန်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၈။ | ဦးဇေယျာထွန်းနှင့်ဇနီး ဒေါ်သင်းသင်းမြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၉။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်ဌေးဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၀။ | ဦးစန်းအောင်နှင့်ဇနီး ဒေါ်စီဌေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၁။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်ဝင်းကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၂။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်အုန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၃။ | ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၄။ | ဦးအောင်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၅။ | ဦးနောင်ကိုကိုနှင့်ဇနီး ဒေါ်ရဲသူဇာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၆။ | ဦးအောင်မိုးလွင်နှင့်ဇနီး ဒေါ်စုစုစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၇။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်မြမြအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၈။ | ဦးကျော်သန်းနှင့်ဇနီး ဒေါ်ကြည်မြ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၉။ | ဦးတင်ထွန်းဝင်းနှင့်ဇနီး ဒေါ်ခင်တင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၀။ | ဦးအမိန မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၁။ | ဦးစိုးမိုးအောင်နှင့်ဇနီး ဒေါ်သူဇာမင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၂။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်ကြူကြူဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၃။ | ဒေါက်တာဟိန်းမျိုးထက်နှင့်ဇနီး ဒေါ်ရတနာလင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၄။ | ဦးလင်းအောင်နှင့်ဇနီး ဒေါ်အေးခွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၅။ | ဒေါ်လှလှမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၆။ | ဦးခင်မောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တ/၄၁၊ မြေကွက် အမှတ်-၈၃၆(ခ)၊ အကျယ်အဝန်း(၂၀'x ၆၀')ရှိ ဦးအောင်ဆန်းဦး(PAG-၁၆၅၉၈၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇေယျာ[၁၂/ရပသ(နိုင်)၀၇၀၉၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးမောင်မောင် [၇/သဝတ(နိုင်)၀၉၂၇၈၀] နှင့် ဒေါ်ဝင်းဝင်းသန်း[၁၂/တကန(နိုင်)၁၆၅၆၀၄]တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၀၂၇၄/၀၉)**
**အမှတ်-၉၊ ၁၅၇လမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၅၇၄၆၀၊ ၀၉-၆၉၅၇၄၇၉၉၇**

### အမည်မှန်

ပူတာအိုမြို့၊ မကျောဝေ့ါ ကျေးရွာနေ ဦးတီယိုဒီး၏ အမည်မှန်မှာ ဦးတီယော်ဒီ [၁/ပတအ(နိုင်)၀၃၅၉၅၅] ဖြစ်ပါသည်။

### အမည်မှန်နှင့် မိခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ အလက(လဘာန်)ကျောင်း၊ Grade-5 မှ မောင်မဂျီအောင်ခမ့် ၏ အမည်မှန်မှာ မောင်အောင်ခမ့် ဖြစ်ပြီး ၎င်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးနွယ် [၁/မကန(နိုင်) ၁၂၀၃၅၁] ဖြစ်ပါသည်။

### အမည်မှန်နှင့် ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ အလက(လဘာန်)ကျောင်း၊ Grade-5 မှ မဒွဲဘူ ၏ အမည်မှန်မှာ မ-မရန်ရွယ်နူးဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဘရန်ဆိုင်း [၁/ဝမန(နိုင်)၀၄၃၉၄၈] ဖြစ်ပါသည်။

## ဗာဘွတ်စ်စလာမ်ဟဂျ်နှင့် အွမ္မရဟ်ဝန်ဆောင်မှု (Bless Gate Travel Company) ၏ ခေါင်းဆောင်များဖြစ်သော ဟာဂျီဦးကျော်သက်ဦးနှင့် ဟာဂျီမ ဒေါ်မူမူအောင်တို့အား တောင်းပန်အပ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့၊ အမှတ် (၁)ရပ်ကွက်၊ ဘူတာလမ်းနေ **ဟာဂျီ ဦးကျော်မောင်မျိုး (ခ) မိုဟာမက်ရာစင် [၁၄/အဂပ(နိုင်)၁၃၆၈၃၆]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ **ဟာဂျီ ဦးကျော်မောင်မျိုး(ခ)မိုဟာမက်ရာစင်သည် "ဗာဘွတ်စ်စလာမ်ဟဂျ်နှင့် အွမ္မရဟ်ဝန်ဆောင်မှု (Bless Gate Travel Company)"** နှင့် ၂၀၂၃–ခုနှစ်တွင် လိုက်ပါ၍ ဟဂျ်ဝတ်ပြုခဲ့ပြီး၊ မြန်မာပြည်သို့ ရောက်သောအခါ ကျွန်ုပ်၏မိတ်ဆွေမှ**"ဗာဘွတ်စ်စလာမ်ဟဂျ်နှင့် အွမ္မရဟ်ဝန်ဆောင်မှု (Bless Gate Travel Company)"** ၏ ခေါင်းဆောင်များဖြစ်သော **ဟာဂျီ ဦးကျော်သက်ဦးနှင့် ဟာဂျီမ ဒေါ်မူမူအောင်**တို့နှင့် ၎င်းတို့၏ ဟဂျ်ဝန်ဆောင်မှုကုမ္ပဏီအပေါ် နစ်နာစေရန်အကြံဖြင့် ကျွန်တော်၏ **(Ko Aung Facebook Account)**မှလည်းကောင်း၊ **ဗာဘွတ်စ်စလာမ်ဟဂျ်နှင့် အွမ္မရဟ်ဝန်ဆောင်မှု Page** ၌လည်းကောင်း၊ **ဟဂျ်ခရီးစဉ်အား နိုင်ငံတကာဈေးနှုန်းများအတိုင်း ပို့ဆောင်ရေး Group** တွင်လည်းကောင်း၊ Internet Online Facebook လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အမျိုးမျိုးအဖုံဖုံ ရေးသားခဲ့ပါသည်။ ထိုရေးသားခဲ့သည့်ကိစ္စရပ်များအပေါ် (၂၇–၈–၂၀၂၃) ရက်နေ့၌ **"ဝန်ခံကတိပြုချက်"** ကို ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့မရဲစခန်း၌ အသိသက်သေများရှေ့မှောက်တွင် ဝန်ခံကတိပြု စာချုပ်ပြုလုပ်၍ လက်မှတ်ရေးထိုး လက်ဗွေနှိပ်ကာ ဝန်ခံကတိပြုခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ **ဟာဂျီ ဦးကျော်မောင်မျိုး (ခ) မိုဟာမက်ရာစင်**သည် နောက်နောင် မည်သည့်အချိန်တွင်မှ **ဟာဂျီဦးကျော်သက်ဦးနှင့် ဟာဂျီမ ဒေါ်မူမူအောင်** တို့နှင့်တကွ **ဗာဘွတ်စ်စလာမ်ဟဂျ် ဝန်ဆောင်မှု (Bless Gate Travel Company)**အား နစ်နာစေရန် ကျွန်ုပ်၏မိတ်ဆွေကသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဝင်တစ်ဦးဦးကသော်လည်းကောင်း ထပ်မံမပြုလုပ်ပါဟု ဝန်ခံကတိပြု အနူးအညွတ် တောင်းပန်အပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်သူဇာနွယ် (စဉ်–၅၅၀၀၃) (အထက်တန်းရှေ့နေ)**
**ရုံးခန်း။ ။ အမှတ် (၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၄၂၂၇၁၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ လူနေရပ်ကွက်အမှတ် (နွယ်အေး)၊ မာလာနွယ်လမ်း၊ မြေကွက်အမှတ် (၁၆၉)၊ မြေအကျယ် (အလျား ၂၅' x အနံ ၅၀') ပေရှိ နှစ် (၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့ပြမြေစာရင်းတွင် ဦးစိုးဝင်း [၁၂/ဒပန (နိုင်)၀၃၃၄၈၅] နှင့် ဒေါ်ဖေလီဇာဟာတွန် (EF–၀၁၅၂၁၀) တို့အမည်ဖြင့် မှတ်သားထားပြီး အထက်ပါမြေကွက်ကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ နဂိုဂနီ (ခ) ဦးခင်မောင်ဝင်း [၁၂/ပဘတ (နိုင်) ၀၁၃၈၆၅] မှ အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူအောင် [၁၂/သကတ (နိုင်) ၁၇၄၁၇၄]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၀၀)**
**ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၄၀၆၄၀၆၊ ၀၉–၂၅၄၉၅၁၁၇၇၊ ၀၉–၇၉၅၄၂၀၇၉၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဒေါ်လှကြည် [၁၂/စခန(နိုင်)၀၁၄၂၆၇]မှ (၉–၆–၂၀၁၁) ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၁၀၂၂၇/၂၀၁၁)ဖြင့် ဒေါ်ခင်စန္ဒာရှိန် [၁၄/ဒဒရ(နိုင်)၁၃၅၃၆၅]သို့ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ဤကြေညာပါသည့်နေ့မှစ၍ ခြွင်းချက်မရှိ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စန္ဒာရှိန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မျိုးမမခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၂၄)(၂၉–၁၂–၂၀၁၇)**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ Ph:09–975643348**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်နေ ဒေါ်နှင်းနှင်းထွေး [၁၃/ကတန(နိုင်)၁၂၃၀၇၄]နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နေ ဒေါ်သီရိဟန်မျိုးမော် [၁၃/တကန(နိုင်)၂၄၅၀၇၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်နှင်းနှင်းထွေးနှင့် ဒေါ်သီရိဟန်မျိုးမော်တို့က " Perfect, Classic, Billion, Printing Service & Book Store" လုပ်ငန်း၏ Online Shop တွင် "Perfect Online Printing Service Book Shop"လုပ်ငန်းတံဆိပ်အမည် အမှတ်အသားတံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဒေါ်စုမြတ်ခိုင် (ဘ) ဦးကျော်နိုင် [၁၂/သကတ(နိုင်)၁၉၆၃၇၈] အမည်ဖြင့် မှတ်ပုံတင်စာချုပ်အမှတ်– (၂/၂၀၂၂)ဖြင့် မှတ်ပုံတင်ကြေညာစာချုပ် ချုပ်ဆိုခဲ့ပြီး ဒေါ်စုမြတ်ခိုင်မှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သီရိဟန်မျိုးမော်နှင့် ဒေါ်နှင်းနှင်းထွေးထံ အထက်ပါလုပ်ငန်းသုံးကုန်အမှတ်တံဆိပ် နှင့် အကျိုးခံစားခွင့်တို့ကို အပြီးအပိုင် စွန့်လွှတ်ကြောင်း ကတိစာချုပ်နှင့် ကျမ်းကျိန်လွှာတို့ပြုလုပ်၍ လွှဲပြောင်းခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် " Perfect Online Printing Service Book Shop" အင်္ဂလိပ်စာသားပါရှိသည့် လုပ်ငန်းသုံးအမှတ်တံဆိပ်သည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်နှင်းနှင်းထွေးနှင့် ဒေါ်သီရိဟန်မျိုးမော်တို့ နှစ်ဦးနှင့်သာသက်ဆိုင်ပြီး ၎င်းတို့နှစ်ဦးလုပ်ကိုင်လျက်ရှိသော အထက်ပါလုပ်ငန်း၏ မူပိုင်လုပ်ငန်းသုံးတံဆိပ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၀၀)**
**ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၄၀၆၄၀၆၊ ၀၉–၂၅၄၉၅၁၁၇၇၊ ၀၉–၇၉၅၄၂၀၇၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွပ်နိုပ်၏မိတ်ဆွေဖြစ်သူသည် နေပြည်တော်၊ ဇဗ္ဗူသီရိမြို့နယ်၊ ဇဗ္ဗူနယ်မြေ(၉)၊ (၃)လမ်း၊ မြေကွက်အမှတ် (၁၁၃/၁၁၄) ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ (၇၀ပေx ၆၀ပေ)ရှိ ဦးငွေဝင်း[၉/ပမန(နိုင်)၂၀၇၂၉၃]နှင့် ဒေါ်သက်သက်ဝင်း [၉/ပမန(နိုင်)၂၀၇၃၇၁]ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက် အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမာလာ (အထက်တန်းရှေ့နေ)(စဉ်–၅၃၉၉၄)**
**အမှတ်(၃၂၃၇၃)၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း–၀၉–၄၀၀၄၂၉၅၉၇၊ ၀၉–၆၀၃၀၀၉၅၈၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ်–၁၉(C)တွင် "မန်းသီရိ"(Coffee & Spa)လုပ်ငန်းအား စတင်တည်ထောင်စဉ်က ဖုန်း–09–785585930 အားလုပ်ငန်းဆက်သွယ်ရန်အဖြစ် အသုံးပြုခဲ့ပါသည်။ "မန်းသီရိ"အမည်ဖြင့်ရှိသော အခြားလုပ်ငန်းများတွင် ဤဖုန်းအား ဆက်သွယ်ရန် အသုံးမပြုခဲ့ပါ။ အဆိုပါဖုန်းသည် (၂၂–၁၂–၂၀၂၂)ရက်နေ့က ပျောက်ဆုံးခဲ့ပြီး လုပ်ငန်းဆက်သွယ်ရန် ထိုဖုန်းကို လုံးဝယနေ့တိုင်အသုံးမပြုတော့ကြောင်း ဖောက်သည်များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ထိုဖုန်းကို အသုံးပြု၍ "မန်းသီရိ"ဆိုင်အမည်များနှင့်ဖြစ်စေ၊ လုပ်ငန်းရှင်အမည်နှင့်ဖြစ်စေ ဥပဒေနှင့်ဆန့်ကျင်သည့် ပြုလုပ်မှုအရပ်ရပ်သည် "မန်းသီရိ"ဆိုင်နှင့်ဖြစ်စေ၊ လုပ်ငန်းရှင်နှင့်ဖြစ်စေ လုံးဝမသက်ဆိုင်ကြောင်းနှင့် ဤသို့ပြုလုပ်သူကို သိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လက်လက်လင်း**
**LL.B,D.B.L,DL–101(WIPO)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၃၆)**
**အမှတ်–၂၅၁၊ အခန်း– ၁၅၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph–095073611**

# ဥတုရာသီ တောကိုမှီ၏

## ပျောက်ဆုံးကြောင်း

ဦးမျိုးဝင်းထွန်း[၁၃/တကန(နိုင်)၃၄၅၄၈၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–428440378**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက ၂ Grade 12 မှ မမေသူအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း [၉/မထလ (နိုင်) ၂၃၄၆၀၉] ဖြစ်ပါကြောင်း။

## အမည်ပြောင်း

သာစည်မြို့နယ် အလကခွဲ မီးရထားကျောင်း Grade 1မှ အဖ ဦးသီဟအောင် [၁၃/ရစန(နိုင်)၁၂၃၇၀၆] ၏သား မောင်ကျော်ရဲထက် အား မောင်ဇွဲမြတ်မင်းဟု ပြောင်းလဲခေါ်ဆိုရန်။

# သွေးသည် အသက်

## အများသိစေရန် ကြေညာခြင်း

(၆–၈–၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၁၉)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၃၁/က)၊ ပေ(၂၅x၆၀)၊ ဦးခင်မြင့်[၁၂/လကန(နိုင်)၀၅၇၁၀၆]အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝါဝါစိုး[၁၂/ဥကမ(နိုင်)၀၇၀၄၆၈]ထံမှဝယ်ယူခဲ့သူ ကျွန်ုပ်မိတ်ဆွေထည့်သွင်းခဲ့သော ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်းအား အရောင်းအဝယ်ဆက်လက်ပြုလုပ်ခြင်းမရှိတော့သည့်အတွက် ရုပ်သိမ်းပါကြောင်း ဒေါ်ဝါဝါစိုးသည်အခြားမည်သူနှင့်မဆို အဆိုပါမြေကွက်အား လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကုမုဒြာ(LL.B,D.B.L,D.I.L,I.D.C.S)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၉၉)**
**ဖုန်း–၀၉–၄၂၀၀၉၉၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၅–G၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ (၀.၀၅၅)ဧကရှိ မြေသည် ဒေါ်စန်းစန်းအေး အမည်ဖြင့် (၇–၁၁–၁၉၉၈)မှ (၆–၁၁–၂၀၂၈)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ဒေါ်စန်းစန်းအေးထံမှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ (၅)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၃) နေ ဒေါ်စန်းယဉ်မာ [၁၄/မအပ (နိုင်)၀၀၁၁၄၅]မှ မအူပင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှုးရုံး၏ (၇–၈–၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ် (၂၃/၂၀၂၃)ဂရန်မြေအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူ၍ မြေငှားဂရန်အမည်ပြောင်း ရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ဂရန်မြေအရောင်းအဝယ်စာချုပ်နှင့်အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ–၂၁၁ အရ REBBIZ COMPANY LIMITED အားအစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

REBBIZ COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသည်–

**အစည်းအဝေးကျင်းပမည့်ရက်။** ။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ (၃၁)ရက်။
**အစည်းအဝေးကျင်းပမည့်အချိန်။** ။ နံနက် ၁၀:၀၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ။** ။ ကုမ္ပဏီရုံးခန်း

REBBIZ COMPANY LIMITED ၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဒေါ်အေးမင်းမင်းသိမ့်(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၄၅၃၇)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP MEMBER–00118)**
**အမှတ်–၁၉၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–5098942,09–795921932**

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပလရ–ကြူစမ်းရွာသစ်၊ ဂရုဏာ(၃)လမ်း၊ အမှတ်–၃/၁၆၃(ခ)၊ မြေအကျယ်အဝန်း(၂၀ပေ x ၃၄)ပေရှိ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍–**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးကျော်သားသား[၁၂/ဒဂန(နိုင်)၀၃၆၄၁၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသန်းညွန့်(LL.B)** | **ဦးနိုင်ထွဋ်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၅၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်–၃၅၅၄၅)** |

**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၅၀၆၁၅၇၊ ၀၉–၇၈၅၅၀၆၁၅၇**

**ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်အနောက်လမ်း၊ အမှတ်(၃၈)ဘီရှိ၊ ၂ခန်းတွဲ ၆ထပ်တိုက်၏၊ (၄) လွှာဘယ် (ခြေရင်းခန်း) (၁၃½ပေ x ၅၀ ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးအောင်မြင့်ရွှေ [၁၂/လမန(နိုင်)၁၂၁၉၆၅]ထံမှ ဦးစိုင်းအိုက်လှိုင်းပန် [၁၃/မဆတ(နိုင်)၀၅၂၃၃၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ်(၁၂၈)ရှိ ၂ ခန်းတွဲ ၃½ ထပ်(၅) လွှာ၏ ပထမထပ်(၂)လွှာ(ခြေရင်းခန်း–ဘယ်) (၁၄ပေ x ၅၅ပေ)ခန့်ရှိ ၊ ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှု စာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးအေးသန်း [၁၂/ကမရ(နိုင်)၀၄၇၂၈၆](ကစ) ဦးလှဦး [၁၂/လမတ(နိုင်)၀၁၅၃၂၆]ထံမှ ဦးစိုင်းအိုက်လှိုင်းပန်[၁၃/မဆတ(နိုင်)၀၅၂၃၃၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**Japan –ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။ Ph: 09–767772099,09–774597373, 09–767779901**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၆၁–ရပ်ကွက်၊ ရောဝဏ်လမ်းမကြီးပေါ်တွင်တည်ရှိသော ရောချမ်းသာကွန်ဒို၊ တိုက်အမှတ်(၁၁/A)၊ အခန်းအမှတ် (၀၃–၂၄၆)၊ (၆၀၀)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရောချမ်းသာ စုပေါင်းပိုင်အဆောက်အဦပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်စန္ဒာကျော် (ဘ)ဦးကျော်သိန်း [၁၂/လမန(နိုင်)၁၃၇၅၀၇] အမှတ်(၄၇၉) ရတနာလမ်း၊ ၁၀–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅)** |
| **အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၇၁၄၃၃** | **အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

